မန္တလေးနေ့စဉ်

The Mandalay Daily

ဘဏ္ဍာတည်ငြိမ်၊ နိုင်ငံတော်ဘာလ၊ ဥဝေဂကို စတင်ထူထောင်စေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၅၁)၊ ၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်၊ ၂၄-၁၁-၂၀၂၆၊ အင်္ဂါနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပြုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပြုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၃

၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော်ရက်လုပ်ပူဇော်ပြုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်ရေပန်းရင်ပြင်တော်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက် ဖွင့်လှစ်ကြသည်။

စာမျက်နှာ ၃ သို့ ✪

မန္တလေးပြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၃ နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေပြည်တော်နှင့်အနီး တစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/၈လ



ရှမ်းပြည်နယ်တွင် အဓိကသီးနှံ ၁၄ မျိုး စိုက်ပျိုးထားပြီး ပဲပုပ်သီးနှံကို ပန်းတိုင်အထွက်နှုန်းရရှိရေး လျာထားဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်တွင် ၂၀၂၆ - ၂၀၂၇ ခုနှစ်၌ ပဲပုပ်သီးနှံကို ပန်းတိုင်သီးနှံအဖြစ် ပန်းတိုင်အထွက်နှုန်းရရှိရေး လျာထားဆောင်ရွက်နေကြောင်း ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ရှမ်းပြည်နယ်မှာ အဓိကသီးနှံ ၁၄ မျိုးကို စိုက်ပျိုးပါတယ်။ ဒီနှစ်မှာ ပဲပုပ်ကို ပန်းတိုင်သီးနှံအဖြစ် ထပ်တိုးသတ်မှတ်ပြီး ဆောင်ရွက်တာပါ။ ရှမ်းပြည်နယ်ကထွက်ရှိတဲ့ ပဲပုပ်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပဲပုပ်ချဉ်၊ ဂျူးပဲပုပ်၊ တို့ဟူးအပါအဝင် ပဲပုပ်နဲ့ ပြုလုပ်တဲ့ စားသောက်ကုန်တွေကို ထုတ်လုပ်နိုင်ဖို့

စာမျက်နှာ ၄ သို့ ❖

တန်ဆောင်တိုင်ပွဲတော်ရုံးပိတ်ရက်ရှည်ကာလအတွင်း စက်သုံးဆီအား ဆီတင်ယာဉ်များဖြင့် အရန်သင့်ထားရှိကာ ရောင်းချပေးသည့်အတွက် ပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၃

တန်ဆောင်တိုင်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလအတွင်း ခရီးသွားလာမှုများပြားနိုင်သည့် လမ်းကြောင်းများပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက်

စာမျက်နှာ ၄ သို့ ❐



တန်ဆောင်တိုင်ပွဲတော်ရုံးပိတ်ရက်ရှည်ကာလအတွင်း အများပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာလျက်ရှိပြီး စက်သုံးဆီအား ဆီတင်ယာဉ်များဖြင့် အရန်သင့်ထားရှိမှုကို တွေ့ရစဉ်။

၂၀၂၆ ခုနှစ် ၊ နိုဝင်ဘာ ၂၄ ရက် ၊ အင်္ဂါနေ့။

တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)

ဗုဒ္ဓဘုရားရှင်က အဇာတသတ်မင်းအား တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလသုတ္တန်တရား ဟောကြားတော်မူသည်ကိုအကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ သာမညသည် ရဟန်း၊ သာမဏေပြုလုပ်ခြင်း၊ ဖလသည် အကျိုးကျေးဇူးဖြစ်သည်။ ရဟန်းသာမဏေ၏အကျိုးကျေးဇူးကို စတင်သိ ရသော နေ့လည်းဖြစ်သည်။

အဇာတသတ်မင်းသားသည် ဒေဝဒတ်ကို ဆရာတင်မှားကာ ဖခင်ဗိမ္ဗိသာရမင်းကြီးအပေါ် ကျူးလွန်ခဲ့သည့် ကြီးမားလှသည့် အပြစ်များကို တွေးတောပူပန်ပြီး နေ့စဉ်စားမဝင် အိပ်မပျော်သည့်ရောဂါဝေဒနာကို ခံစားနေရသည်။ တန်ဆောင်မုန်းလပြည့်နေ့ညတွင်မြတ်စွာဘုရားရှင်က သာမညဖလ (ရဟန်းပြုခြင်းအကျိုး)သုတ္တန်ဒေသနာကို ဟောကြားတော်မူသောအခါ အဇာတသတ်မင်း ခံစားနေရသော ရောဂါဝေဒနာများ ချုပ်ငြိမ်းသွားပြီး မြတ်စွာဘုရားရှင်အား အလွန်ကြည်ညိုသော၊ ဗုဒ္ဓသာသနာအား အလွန်လေးစားရိုသေသော မင်းတစ်ပါးဖြစ်လာခဲ့သည်။

တန်ဆောင်မုန်းလသည် ကောင်းကင်တစ်ခွင်၌ ဆီးနှင်းမြူတိမ်သူရိန်မီးခိုးညစ်မျိုးကင်းစင်သောကြောင့် နေ့ညမရွေး ကြည်လင်နေသည်။ ထို့ကြောင့် နေလနက္ခတ်တာရာ ကြယ်ပေါင်းစုံကို သာမန်မျက်စိနှင့် လူတိုင်းမြင်တွေနိုင်သည်။ တန်ဆောင်မုန်းလပြည့်ညတွင် ထွက်သောလသည် ပြည့်ပြည့်ဝဝ ဝိုင်းဝိုင်းစက်စက်ရှိသည်။ ကြယ်နက္ခတ်လည်းစုံလှသည်။ စန်းယှဉ်နက္ခတ်ဖြစ်သော ကြတ္တိကာနက္ခတ်ကို မြန်မာတို့က ဖျောက်ဆိပ်ကြယ်ဟုခေါ်သည်။ သာမန်မျက်စိဖြင့်ကြည့်လျှင် ရကောက်သဏ္ဌာန်ကြယ်ခုနစ်လုံးကို မြင်တွေ့ရပြီး မှန်ပြောင်းနှင့်ကြည့်လျှင် ၁၆၅ လုံးမြင်နိုင်ကြောင်း အဆိုအမိန့်ရှိပါသည်။ ရာသီမှာဗြိုဆွာရာသီဖြစ်သည်။ ကင်းပုစွန်(ကင်းမြီးကောက်)ရုပ်အမှတ်အသားရှိသော ရာသီဖြစ်သည်။

တန်ဆောင်မုန်းလတွင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာအစဉ်အလာ ယုံကြည်မှုများစွာရှိကြသည်။ ဘာသာရေးဆိုင်ရာ ထင်ရှားသောပွဲတော်မှာ ကထိန်ပွဲပင်ဖြစ်သည်။ "ကထိန်အာနိသင်ငါးပါး မြဲမြံခိုင်ခံ့စွာ ရရှိစေနိုင်သော သင်္ကန်းအလှူပွဲ" ဖြစ်သည်။ ကထိန်ခင်းသည့် အစဉ်အလာသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းကရှိခဲ့သော အစဉ်အလာတစ်ရပ်ဖြစ်သည်။ သံယာအား လှူဒါန်းသော ကထိန်သင်္ကန်းကို သင်္ကန်းမရှိသည့် ရဟန်းအား ဦးစားပေးရွေးချယ်လှူဒါန်းခြင်းလည်းဖြစ်ပေသည်။ ရဟန်းအားလုံးသင်္ကန်းများ ပြည့်စုံလျှင် ဝါအကြီးဆုံး မထေရ်ကို ပေးလှူရသည်။ သိမ်ဝင်၍ ဥတ်ကမ္မဝါဖတ်ပြီး ကထိန်ခံထိုက်သော ရဟန်းကို ပေးရသည့်အတွက် ကထိန်သင်္ကန်းကို "ဥတ်သင်္ကန်း" ဟုခေါ်သည်။

တန်ဆောင်မုန်းလပြည့်မတိုင်မီ အဖိတ်နေ့ညတွင်လည်း ကထိန်လျာသင်္ကန်းကို အစုအဖွဲ့များဖြင့် တစ်ညလုံး အပြိုင်ရက်လုပ်ကြသည့် "မသိုးသင်္ကန်းရက်ပြိုင်ပွဲ"ကိုလည်း ကျင်းပကြသည်မှာ မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသော ဓလေ့ထုံးတမ်းအစဉ်အလာများဖြစ်သည်။ တန်ဆောင်မုန်းလသည် ကောင်းကင်ယံ၌ နက္ခတ်တာရာတို့စုံလင်သော လလည်းဖြစ်သည်။ ထို့ကြောင့် လပြည့်နေ့ညတွင် မယ်ဇလီဖူးကို သုပ်စားပါက ဆေးဖက်ဝင်ပြီး ဆေးပေါင်းခသည်ဟူသော ရှေးမြန်မာတို့၏ ယုံကြည်ချက်မှာလည်း ယနေ့တိုင် စွဲကျန်နေသည်။

သို့ဖြစ်ရာ တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့)တွင် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသော ရဟန်းပြုခြင်းအကျိုးတရားကိုနာကြားခြင်း၊ ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ဘုရား၊ တရား၊ သံယာရတနာသုံးပါးကို ပိုမိုယုံကြည်သဒ္ဓါသက်ဝင်ခြင်းဖြင့် ကောင်းကျိုးချမ်းသာမှုများ ရရှိနိုင်ပါစေကြောင်း ရေးသားလိုက်ရပေသည်။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၄-၁၂-၂၀၂၆)

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားစောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏လူစွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

ဗူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ပခုက္ကူ နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်ဘောလုံးအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ၂၀၂၇ ခုနှစ်၊ လွတ်လပ်ရေးနေ့နှင့်ပြည်ထောင်စုနေ့အထိမ်းအမှတ်အသက်(၁၈)နှစ်အောက်ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးထွန်းနိုင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူမြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်အေးက အစည်းအဝေးကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားရာ မြို့နယ်ဘောလုံးအဖွဲ့ချုပ်နာယက ဦးရဲထွဋ်က ၂၀၂၇ ခုနှစ်၊ လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသက်(၁၈) နှစ်အောက် ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းထားမှုနှင့် လုပ်ငန်းတာဝန်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အားကစားချစ်မြတ်နိုးသူများက ပြိုင်ပွဲကျင်းပမည့် အချိန်ကာလ၊ အသုံးပြုမည့် အားကစားကွင်းများ၊ ပါဝင်မည့်နည်းပြ၊ ဒိုင်လူကြီးများနှင့် အားကစားအသင်းအရေအတွက်၊ ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများ၊ ပေးအပ်ချီးမြှင့်မည့် ဆုငွေပမာဏအခြေအနေများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဆွေးနွေးကြပြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ပြိုင်ပွဲအတွင်းအသုံးပြုမည့် ဖူဆယ်ဘောလုံးများကို ပြိုင်ပွဲကျင်းပရေးကော်မတီထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ (၃၄၀)

မိတ္ထီလာမြို့၌ (၅၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ ကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ (၅၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီက နန်းတော်ကုန်းရပ်ကွက် နဂါးရုံမဟာဗောဓိစေတီ ပညာဓိက တန်ဆောင်တော်တွင် ကျင်းပသည်။

ရှေးဦးစွာ (၅၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို သဒ္ဓမ္မဝံသာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ အဖွဲ့ဝင် ဦးကျော်ဇေယျ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးထက်ဇော်နှင့် နဂါးရုံမဟာဗောဓိစေတီ၏ ဘဏ္ဍာတော်ထိန်း ဒုတိယဥက္ကဋ္ဌ ဦးညီညီအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးနှင့် တာဝန်ရှိသူများက အောင်စည်အောင်မောင်း သုံးချက်တီးခတ်၍ ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မယ်ဟေမာ၊ ဂေါတမီ၊ ဝိသာခါ၊ မယ်ယသော်၊ သာမာဝီရက်ကန်းစင် ငါးစင်းတို့မှ တစ်ပြိုင်တည်း ရက်လုပ်ပူဇော်ကြရာ မသိုးသင်္ကန်းရက်လုပ်ပူဇော်မှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ (၁၀ပုံ)



အဆိုပါ (၅၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို မိတ္ထီလာမြို့နယ်အတွင်းရှိ ညောင်ပင်လျှို၊ ရွာသစ်၊ ကတ္တူကန်၊ ကျောက်ပုံ၊ သရက်ကန်ကျေးရွာများမှ ပြိုင်ပွဲဝင်များက ရက်လုပ်ကြပြီး ရက်လုပ်ပြီး သင်္ကန်းတော်များအား စေတီတော်ဂေါပက အဖွဲ့နှင့် အကျိုးတော်ဆောင်လူငယ်အဖွဲ့တို့မှ သင်္ကန်းတော်မီးကင်ပူဇော်ခြင်း၊ ဝိသာခါအမျိုးသမီးစက်ချုပ်အဖွဲ့မှ ဝိနည်းတော်နှင့်အညီ သင်္ကန်းချုပ်လုပ်ပူဇော်ခြင်းနှင့် ရွှေကြာပန်းများဖြင့် အလှဆင်ပူဇော်ပြီး လိုဏ်ဂူတော်အတွင်းရှိ ရုပ်ပွားတော်များအား အကြည်ညိုခံပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ (၄၆၉)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ကြော်ငြာဌာန
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ ဖုန်း ၀၉-၇၅၁၁၇၀၁၁၉
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။



ကြည့်ရှုအားပေး

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြု ရက်ကန်းစင်တော် ၁၅ ခုတွင် မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများအား ရင်းရင်နှီးနှီး နှုတ်ဆက်စဉ်။

✪ ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အတူ ဒုတိယသမ္မတ ဦးညီစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဉင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်မှူးရဲများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပုဇော်ကြမည့် ရက်ကန်းအဖွဲ့များ တက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး တို့သည် အခမ်းအနားကျင်းပမည့် နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ။ တိုင်းရင်းသား တိုင်းရင်းသူများ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် အနုပညာရှင်များက လှိုက်လဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အခမ်းအနားကို “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ စတင်ကြပြီး သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က **“ဖယမဂီလာစာတမ်းလွှာ”**ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ၂၀၂၆ ခုနှစ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပြုိင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပက အဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကိုတီးခတ်၍ အချက်ပေးရာ ရက်ကန်းအဖွဲ့များက ရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသင်္ကန်းများကို စတင်ရက်လုပ်ကြသည်။ ထိုသို့ ရက်ကန်းအဖွဲ့များက ရက်ကန်းစတင်ရက်လုပ်သည်နှင့် တစ်ပြိုင်နက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက “မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်” တေးသီချင်းဖြင့် စာမျက်နှာ ၄ သို့ »»





၂၀၂၆ ခုနှစ် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပြုိင်ပွဲတွင် အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးစဉ်။









၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြစဉ်။

»» စာမျက်နှာ ၃ မှ

သီဆိုတီးမှုတ် ကပြဖျော်ဖြေကြပြီး အခမ်းအနားတက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်နက် လွှတ်တင်ကြသည်။

ဆက်လက်၍ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များသည် နေပြည်တော်ကောင်စီနယ်မြေတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြုရက်ကန်းစင်တော် ၁၅ ခုရှိ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒကွိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲကို နှစ်စဉ်စည်ကား သိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်လျက်ရှိပြီး ယခုပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်ခြင်း၊ အလှ ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ် ဝတ္တုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့် အတူ နိုင်ငံကျော် အနုပညာရှင်များက လည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် စည်ကား သိုက်မြိုက်စွာ စီစဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မီးပုံးပျံလွှတ်တင်ရန် ပြင်ဆင်မှုများဆောင်ရွက်နေစဉ်။

❒ **တန်ဆောင်တိုင်မှ**

လိုအပ်သည့်စက်သုံးဆီများကိုအမြန်ဖြည့်တင်းရောင်းချပေးနိုင်ရန် စက်သုံးဆီတင်ယာဉ်များဖြင့် အရန်ဆီများကြိုတင်ပေးပို့ စီမံထားရှိခဲ့ပြီးဖြစ်သဖြင့် စက်သုံးဆီများကို အဆင်ပြေစွာဝယ်ယူသုံးစွဲလျက်ရှိသည်။

ပြည်သူများအနေဖြင့် ခရီးသွားကာလအတွင်း လိုအပ်သည့်စက်သုံးဆီများ အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် စက်သုံးဆီတင်ယာဉ်များဖြင့် အရန်ဆီများကို ထပ်မံဖြည့်တင်းပေးပို့ စီမံဆောင်ရွက်ထားရှိသည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများကို မြို့ကြီးများနှင့် ခရီးလမ်းတစ်လျှောက်တွင် သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း ဝယ်ယူသုံးစွဲနိုင်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

❖ **ရှမ်းပြည်နယ်မှ**

သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စိုက်ပျိုးထွက်ရှိတဲ့ ကုန်ကြမ်းတွေကနေစားသောက်ကုန် ကုန်ချောရရှိရေး၊ သဘာဝမြေသြဇာထုတ်လုပ်နိုင်ရေးနဲ့ စွမ်းအင်ကဏ္ဍအတွက် ထုတ်လုပ်နိုင်မယ်ဆိုရင် စိုက်ပျိုးတောင်သူတွေအတွက် ဝင်ငွေတွေတိုးပွားလာမှာပါ။"ဟု ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးငြိမ်းထွန်းက ပြောသည်။

လျာထားဆောင်ရွက်

ရှမ်းပြည်နယ်တွင် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ ချက်ကြံရင့်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် ပဲပုပ်တို့ကို အဓိကပန်းတိုင်သီးနှံများအဖြစ် စိုက်ပျိုးထားရှိပြီး ပဲပုပ်ကို ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ပန်းတိုင်သီးနှံအဖြစ် ထပ်တိုးသတ်မှတ်ကာ ပန်းတိုင်အထွက်နှုန်းရရှိရန် လျာထားဆောင်ရွက်နေခြင်းဖြစ်သည်။

၂၀၂၆-၂၀၂၇ ခုနှစ်တွင် ပန်းတိုင်သီးနှံ ၁၄ မျိုးဖြစ်သည့် မိုးစပါးလျာထားဧက ၁၂၅၅၈၃၁ ဧကတွင် ၃၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ နွေစပါးလျာထားဧက ၃၆၃၂၀ တွင် ၄၈ ဒသမ ၇၉ ရာခိုင်နှုန်း၊ အစေ့ထုတ်ပြောင်း ဧက ၁၀၄၀၄၁၀ တွင် ၁၅ ဒသမ ၇၉ ရာခိုင်နှုန်း၊ မြေပဲ ၁၂၅၉၇၅ ဧကတွင် ၁၅ ဒသမ ၃၁ ရာခိုင်နှုန်း၊ နှမ်း ၃၈၄၁၈ ဧကတွင် ၄ ဒသမ ၀၉ ရာခိုင်နှုန်း၊ နေကြာ ၄၅၆၅၃ ဧကတွင် ၁၆ ဒသမ ၃၅ ရာခိုင်နှုန်း၊ ပဲတီစိမ်း ၁၄၃၁၆ ဧကတွင် ၂၂ ဒသမ ၆၃ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၇၆၉၁၄ ဧကတွင် ၁၃ ဒသမ ၄၀ ရာခိုင်နှုန်း၊ ချည်မျှင်ရှည်ဝါ ၁၃၅ ဧကတွင် ၂၆ ဒသမ ၆၇ ရာခိုင်နှုန်း၊ ချက်ကြံရင့် ၁၈၅၃၅၂ ဧကတွင် ၃၇ ဒသမ ၁၉ ရာခိုင်နှုန်း၊ ကြက်သွန်နီ ၁၆၃၈၅ ဧကတွင် ၁ ဒသမ ၂၅ ရာခိုင်နှုန်း၊ ကြက်သွန်ဖြူ ၅၆၀၆၉ ဧကတွင် ၈ ဒသမ ၇၇ ရာခိုင်နှုန်း၊ အာလူး ၅၄၄၃ ဧကတွင် ၅၃ ဒသမ ၅၆ ရာခိုင်နှုန်း၊ ပဲပုပ် ၁၉၀၅၁၂ ဧကတွင် ၁၉ ဒသမ ၉၅ ရာခိုင်နှုန်းနှင့် မတ်ပဲ ၇၀၈ ဧကတွင် တစ်ဧကလျှင် ၁၇ ဒသမ ၉ တင်း ထွက်နှုန်းရရှိရန် လျာထားဆောင်ရွက်လျက်ရှိသည်။

အဆိုပါပန်းတိုင်သီးနှံများ စိုက်ဧကနှင့် အထွက်နှုန်း ပိုမိုတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ မျိုး၊ ရေ၊ မြေ၊ နည်းပညာလိုအပ်ချက်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)

ဓာတ်ပုံ - ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် ဒုတိယနေ့ ဘုရားဖူးလာပြည်သူများဖြင့် ပွဲတော်တစ်ခုလုံး ကြိတ်ကြိတ်တိုးစည်ကား



နေပြည်တော် နိုဝင်ဘာ ၂၃

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် ဒုတိယနေ့ဖြစ်သည့် ယနေ့တွင် နံနက်ပိုင်းမှစတင်၍ ကုသိုလ်ယူသူများ၊ ဘုရားဖူးလာရောက်သူများ၊ ဈေးဝယ်သူများ၊ အပန်းဖြေလည်ပတ်ကြသည့် ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် ပွဲတော်တစ်ခုလုံး ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

"မနေ့က ပွဲတော်ကို လာလည်ဖြစ်တယ်။ ဒီနေ့လည်း မိသားစုနဲ့ထပ်ပြီး လာရောက်လည်ပတ်ဖြစ်တာပါ။ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲကို ကြည်ညိုချင်လို့ပါ။ ဆီမီးပူဇော်ပွဲနဲ့ မီးပုံးပျံပွဲလည်း ကြည့်ချင်လို့ပါ။ ရုံးပိတ်ရက်လည်းဖြစ်တဲ့အတွက် ပြည်သူတွေ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ဆင်နွဲကြတဲ့ ပွဲတော်ဖြစ်တော့ ကြိတ်ကြိတ်တိုးပါပဲ။ အေးချမ်းသာယာတဲ့ တန်ဆောင်တိုင်ပွဲတော်မှာ အားလုံးပျော်ရွှင်ကြပါစေ" ဟု လာရောက်လည်ပတ်သူ ဝန်ထမ်းမိသားစုဝင်တစ်ဦးဖြစ်သည့် ချောက်မြို့မှ ဦးအေးဝင်းက ပြောသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော် ပြိုင်ပွဲတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရက်ကန်းစင် ၁၅ စင် ယှဉ်ပြိုင်ရက်လုပ် ပူဇော်ကြသည်။

ထိုသို့ မသိုးသင်္ကန်း ရက်လုပ်ပူဇော်မှုကို ဘုရားဖူးပြည်သူများက ကြည်ညိုသဒ္ဓါပွားများစွာ လာရောက်ကြည့်ရှု အားပေးကြသည်။

"တန်ဆောင်တိုင် အခါသမယမှာ ကုသိုလ်ပြုကျင်းပပူဇော်တဲ့ ဓလေ့တစ်ခုပါ။ မသိုးသင်္ကန်း ဆိုတာ အဆင့်ဆင့်ရက်လုပ်ရတယ်၊ နေ့ချင်းပြီးအောင် ရက်လုပ်ရတယ်။ အလေးအမြတ်ထားရက်လုပ်လှူဒါန်းပူဇော်တာဖြစ်ပါတယ်။ သပ္ပာယ်ကြည်ညိုရတဲ့ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရင်း မသိုးသင်္ကန်း ရက်လုပ်တာကို ကြည်ညိုခွင့်ရတယ်။ ဘုရားကြီးကို ဖူးမြော်ရင်း အေးချမ်းမှုတွေ အများကြီးရတဲ့ တန်ဆောင်တိုင်ညလေးပါ" ဟု လယ်ဝေးမြို့နယ် အောင်ချမ်းသာကျေးရွာမှ ဒေါ်ငွေးငွေးက ပြောသည်။

အလားတူ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် မေတ္တာပို့သခြင်းတို့ဖြင့် ကုသိုလ်ပြုကြသည့် ပြည်သူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ဘုရားဖူးလာ ပြည်သူများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အဆင်ပြေချောမွေ့စွာ ဖူးမြော်နိုင်ရန် တာဝန်ရှိသူများက လုံခြုံရေးစစ်ဆေးမှုများနှင့် လိုအပ်သည့် လမ်းညွှန်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ သွားလာမှု အဆင်ပြေစေရန် ဝီးချဲလ်များ၊ မော်တော်ယာဉ်ငယ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထို့အတူ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ဘုရားဝင်းအတွင်း သတ်မှတ်နေရာ၌ ကျင်းပရာ ယနေ့ဒုတိယနေ့ ယှဉ်ပြိုင်မှုတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီက "ဇေယျာအောင်လံ"၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက "ဝိသကြုံ"၊ နယ်စပ်ရေးရာဝန်ကြီးဌာနက "သာယာရွှေပြည်"၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက "လယ်ယာထွက်ကုန်မြှင့်တင်ပေး နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး"၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက "လမင်းထိန်သာ ပြည်မြန်မာ"၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက "စိမ်းလန်းမြေ"၊ ပြန်ကြားရေးဝန်ကြီးဌာနက "ပြန်ကြားအားမာန်မိုးထက်ယံ" စသည့် ညမီးကြီးမီးပုံးပျံများကို လွှတ်တင်ပူဇော် ယှဉ်ပြိုင်ကြသည်။

အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက "လူကယ်ပြန်"၊ အားကစားရေးရာ ဝန်ကြီးဌာနက "ပြည့်ဂုဏ်ဆောင်"၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနက "ပြည်ထောင်စုတိုင်းရင်းသား"၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက "စွဲမက်ဖွယ်ရာ ပြည်မြန်မာ"၊ ပညာရေးဝန်ကြီးဌာနက "မြတ်ပညာ"၊ ကျန်းမာရေး ဝန်ကြီးဌာနက "အာရောဂျံ"၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က "အာသာဝတီ" စသည့် စိန်နားပန် မီးပုံးပျံများကို လွှတ်တင်ပူဇော် ယှဉ်ပြိုင်ကြသည်။

ထိုသို့ လွှတ်တင်ပူဇော်ကြရာတွင် ဌာနအလိုက် တိုင်းရင်းသား ရိုးရာအကအဖွဲ့များ၊ အိုးစည်ဒိုးပတ်နှင့် သံချပ်တီးလုံးများဖြင့် တီးမှုတ်ကပြဖျော်ဖြေခြင်း၊ မီးပုံးပျံအသေးများ လွှတ်တင်ပူဇော်ခြင်း၊ လာရောက် ကြည့်ရှုကြသည့် ပရိသတ်များက ပျော်ရွှင်စွာ ကခုန်အားပေးခြင်းတို့ဖြင့် တန်ဆောင်တိုင်ည၏ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲအလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ ဂန္ဓကုဋ္ဌိတိုက်များ၊ သုမ္မောဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုသူများအပြင် ရေပန်းရင်ပြင်နှင့် ရေပန်းအဝိုင်းများ၌ ဘုရားဖူးပြည်သူများက တန်ဆောင်တိုင်ည အလှကို မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် ပျော်ရွှင်စွာဆင်နွဲကြသည်။

အလားတူ ဥယျာဉ်တော် မြောက်ဘက် ဝတ္ထုကုံမြေရှိ ဆိုင်ခန်းပေါင်း ၅၂၀ ပါဝင်သော တန်ဆောင်တိုင် ဈေးရောင်းပွဲတော်တွင်လည်း ဒေသအလိုက် MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ One Region One Product (OROP) ထုတ်ကုန်များ၊

စာမျက်နှာ ၆ သို့ ✦







✦ စာမျက်နှာ ၅ မှ

အိမ်တွင်းလက်မှု အနုပညာပစ္စည်းများ၊ ရိုးရာဝတ်စုံများနှင့် တိုင်းရင်းသားရိုးရာ စားသောက်ဖွယ်ရာများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။

ဈေးရောင်းပွဲတော်တွင် ပါဝင်ရောင်းချသူ ဆိုင်ခန်းတာဝန်ရှိသူ တစ်ဦးက “ဒီနေ့ ဒုတိယနေ့မှာပွဲတော်လာရောက်သူတွေ ပိုများလာတဲ့အတွက် မနက်ပိုင်းကတည်းက အရောင်းအဝယ်တော်တော်လေး သွက်ပါတယ်။ ကျွန်တော်တို့ရဲ့ ဒေသထွက် MSME ထုတ်ကုန်တွေကိုလည်း ပြည်သူတွေက စိတ်ဝင်တစား မေးမြန်းကြပြီး ဝယ်ယူအားပေးကြတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလိုဈေးပွဲတော်မှာ ပါဝင် ရောင်းချခွင့်ရတဲ့အတွက် လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်” ဟု ပြောသည်။



အလားတူ ဖျော်ဖြေရေးအစီအစဉ်များတွင် ပြည်သူချစ်ဇာတ်မင်းသား အောင်ဇမ္ဘူ ဦးဆောင်သည့် ဇာတ်သဘင်အဖွဲ့က ခေတ်မီစင်မြင့်အပြင်အဆင်၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်း တူရိယာများ ပေါင်းစပ်တီးခတ်မှု တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကပြသီဆိုဖျော်ဖြေကြရာ ကိုကြီးကျော်ပလီလွန်းတယ် အော်ပရာကြီး၊ စင်မြင့်ပေါ်မှ တေးဂီတ(Show)၊ မချစ်တတ်သူများ မကြည့်ရ(ပြဇာတ်ကြီး)နှင့် နှစ်ပါးသွား အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ပွဲတော်လာ ပရိသတ်များက ကွင်းပြည့် ကွင်းလျှံ တစ်ခဲနက်အားပေးကြည့်ရှုခဲ့ကြသည်။

ထို့ပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် မေသက်ထားဆွေ၊ ဝေလာရီ၊ မေလသံစဉ်၊ စည်သူလွင်၊ သာဒီးလူ၊ Mi Sandi၊ ပိုပို၊ မိုးမိုး၊ သားသား၊ နီနီခင်ဧော်၊ ပုံရိပ်၊ သားစိုးတို့၏ ပရိသတ်အကြိုက်ခေတ်ပေါ် တေးသီချင်းများဖြင့် ဖျော်ဖြေမှု၊ DJ များနှင့် Daily Gita Band တို့၏ တီးခတ်မှုတို့က ပွဲတော်လာ ပရိသတ်များကို ပျော်ရွှင်စေခဲ့ပြီး ပရိသတ်များ၏ သံပြိုင်လိုက်ပါ သီဆိုကခုန်မှုများဖြင့် အားပေးမှုအထူးရရှိခဲ့သည်။

ထို့ပြင် ကလေးကစားကွင်းရှိ ရထားပိုင်း၊ ချားပိုင်း၊ လှုပ်စီး၊ ဒုံး၊ ပျော့အိနှင့် ကလေးစီးကားများတွင် ကလေးငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြသကဲ့သို့ ရဟတ်၊ ပင်လယ်ဓားပြလှေနှင့် ဂိမ်းကစားနည်းများတွင်လည်း လာရောက်ကစားသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် ပွဲတော်ကို နိုဝင်ဘာ ၂၄ ရက် တန်ဆောင်မုန်းလပြည့်နေ့အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ရာ ဘုရားဖူးကုသိုလ်ယူရင်း မိသားစုနှင့်အတူ ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **သတင်း - သန်းမင်းအောင်၊ ဂျိုင်းလော ဓာတ်ပုံ - အေးပြည့်အောင်**













မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၇)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် စတင်ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

မန္တလေး နိုဝင်ဘာ ၂၃

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၇)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် စတင်ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာမုနိဘုရားကြီးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မဟာမုနိဂေါပကအဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဦးစွာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်းတော်ရက်လုပ်လှူဒါန်းပူဇော်ခြင်းစတင်မှုအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ရွှေမိုးငွေမိုးများ ရွာသွန်းပေးပြီး မသိုးမြတ်သင်္ကန်းတော်အတွက် ဗိုင်းငင်ဝါဖတ်မှစတင်ကာ ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့်ရက်လုပ်လှူဒါန်းပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်၊ လုပ်အားဒါနပြုအဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်းနှင့် အဆိုပါမသိုးမြတ်သင်္ကန်းတော်အားညတွင်းချင်း ရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့၊ နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူလွှမ်းခြုံပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မိုးရာသီဖလား အလွတ်တန်း(အမျိုးသား)ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



သာစည် နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ မိတ္တီလာခရိုင်၊ သာစည်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှကြီးမှူးကျင်းပသော မိုးရာသီဖလားအလွတ်တန်း(အမျိုးသား) ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ်မှ ထက်ကြီးအသင်းနှင့် မိတ္တီလာမြို့နယ်မှ RB FC အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကြရာ RB FC အသင်းက သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူမော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလွင်မျိုးထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ပထမရရှိသည့်အသင်းကို ဆုငွေကျပ်သိန်း ၃၀ နှင့် ဆုဖလား၊ ဒုတိယရရှိသည့် အသင်းကို ဆုငွေကျပ်သိန်း ၂၀ နှင့် နေရာအလိုက်အကောင်းဆုံးဆုလေးဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုတို့ကို ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ကြပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဦးဟိန်းဇာထွန်းက ပြိုင်ပွဲတွင် ထိခိုက်ဒဏ်ရာရကစားသမားများအား ကူညီဆောင်ရွက်ပေးသော မြို့နယ်ကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

(၄၈၇)

တံတားဦးမြို့နယ်၌ မိုးစပါးအကြောင်း တောင်သူများနှင့်တွေ့ဆုံ၍ အသိပညာပေးဆွေးနွေး

တံတားဦး နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် သက်ဆိုင်ရာဌာနများနှင့် အတူ ငါးဇင်ရိုင်းကျေးရွာမှ တောင်သူများနှင့်တွေ့ဆုံပြီး မိုးစပါးအကြောင်းအသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာဘုန်းတော်ကြီး ကျောင်းဓမ္မာရုံတွင် ကျင်းပသည်။

တံတားဦးမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် နည်းလမ်းအလိုက် ခုနစ်ခုရှိပါကြောင်း၊ အဆိုပါနည်းလမ်းများမှာ ကင်းတားရေသောက်၊ သစ်တက်ကုန်းရေသောက်၊ ပြုကန်ရေသောက်၊ ချောင်းမနက်ရေသောက်၊ သူငယ်တော်ရေသောက်၊ မြစ်ရေတင်ရေသောက်နှင့်မိုးကောင်းသောက်ရေသောက်စနစ်ဟူ၍ ရှိပါကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အောက်ပုံ)

တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် တံတားဦးမြို့နယ်အမှတ်(၂၃) စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးမှူး ဦးအောင်သိန်းတင်က ကောက်ကွက်ပြည့်မီစေရေးနှင့် ကြပက်စိုက်ပျိုးခြင်းလုပ်ငန်းများ ပပျောက်ရန်အတွက် လယ်ယာသုံးစက်ကိရိယာများ အစားထိုးသုံးစွဲရေး၊ ရောင်းချပေးမည့် အကြောင်းအရာများကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းလင်းက ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မိုးစပါးရိတ်သိမ်းချိန်ကောက်ရိုးများ လေလွင့်မှုမရှိစေဘဲ စနစ်တကျထုံးဖွဲ့မှုဖြင့် သိလှောင်ထားရှိရေး၊ ကောက်ရိုးထုံးများမိုးရေနှင့်မြေအစိုထိုင်းမှုတို့ကြောင့် မှိုတက်ပုပ်သိုးမှုတို့မှ ကာကွယ်ရေး၊ အမိုးအကာအောက်တွင် စနစ်တကျလုံခြုံစွာထားရှိရေး အကြောင်းကိုလည်းကောင်း၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမြတ်သူက ရေကို စနစ်တကျသုံးစွဲရေးနှင့် ရေအလေအလွင့်မရှိရေး၊ ရေပေးဝေရေး မတိုင်မီရေပေးမြောင်းများ တူးဖော်ခြင်း၊ စနစ်တကျရေများရယူခြင်းများ ဆောင်ရွက်ကြရန် အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ရဲတင့်(ပြန်/ဆက်)

လယ်ဝေးမြို့နယ်၊ ဝက္ကမူကျေးရွာ၌ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဝက္ကမူကျေးရွာ၌ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခင်မာလွင်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဝက္ကမူကျေးရွာ၌ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(နည်းပညာ)က လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ဝက္ကမူကျေးရွာ၌ ရွာတွင်းလမ်းအရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၉ ဒသမ ၉၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်တို ဘာဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ အဆိုပါလမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့်ပြီးစီးပါက ဝက္ကမူကျေးရွာရှိ ကျေးရွာပြည်သူများအတွက် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေးပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(နော်လူး)



တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊ ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမှ၊ သဏ္ဍာန်လှပ၊ ပနံရလိမ့်။

ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်မှ ၂၉ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်း ဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင် ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်ရေယာဉ်/စက်လေယာဉ်များ၊ ငါးဖမ်းရေယာဉ်/လေယာဉ်များ၊ စက်တပ်သမ္ဘန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်း ငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်း မပြုကြရန် အသိပေးကြေညာအပ်ပါသည်။



နိုင်ငံတကာတရားရုံး(ICJ) ၏ ၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ အပြီးသတ်စီရင်ချက်အပေါ် မြန်မာနိုင်ငံစာရေးဆရာအသင်းက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်း

၁။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူမျိုးသုည်းသတ်ဖြတ်မှုများ ရှိခဲ့သည်ဟုဆိုပြီး မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုထားသည့်အမှုကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အပြီးသတ်အမိန့်ချမှတ်ခဲ့ရာ (genocide) လူမျိုးသုည်းသတ်ဖြတ်မှုမြောက်သည်ဟု (ICJ) တရားရုံးက တစ်ဖက်သတ် ဆုံးဖြတ်ချက် အမိန့်ချမှတ်ခဲ့ပါသည်။

၂။ အဆိုပါအမှုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုည်းသတ်ဖြတ်ခဲ့ခြင်းမရှိဘဲ ပဋိပက္ခဖြစ်ပွားစဉ်အတွင်း မြန်မာနိုင်ငံအတွင်း မိုတင်းနေထိုင်သည့် ဒေသခံတိုင်းရင်းသားများနှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားခဲ့သည့် အကြမ်းဖက်အဖွဲ့ဖြစ်သည့် ARSA အကြမ်းဖက်သမားများအား တုံ့ပြန်ခဲ့သည့်စစ်ဆင်ရေးတစ်ခုသာဖြစ်သည်။ အကြမ်းဖက်အဖွဲ့ဖြစ်သည့် ARSA အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် မြို့ရွာအိုးအိမ်များ ပျက်စီးခဲ့ရပါသည်။ ဒေသတွင်းနေထိုင်သူများနှင့် ဘင်္ဂလီများ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည့် ဖြစ်စဉ်များကို မှတ်တမ်းမှတ်ရာများဖြင့် တိကျစွာ လျှောက်လဲတင်ပြခဲ့ပြီးဖြစ်ပါသည်။

၃။ အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မတရား စွပ်စွဲခံရခြင်းသာဖြစ်ပါသည်။ အပြီးသတ် အမိန့်မချမှတ်ခင် ကြားဖြတ် အမိန့်များ ချမှတ်စဉ်ကတည်းက ညွှန်ကြားချက်များကို တိကျစွာ နိုင်ငံတကာ စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့သည်။ ယခု ကိစ္စရပ်နှင့်ပတ်သက်၍ အပြီးသတ်အမိန့်ချမှတ်ခဲ့ရာတွင် တရားသူကြီး ၁၅ ယောက်တွင် တရားသူကြီး ၉ ယောက်က သဘောတူညီခဲ့ပြီး တရားသူကြီး ၆ ယောက်က သဘောမတူဘဲ ကန့်ကွက်ခဲ့သည်။ တရားသူကြီးအားလုံးက ဆုံးဖြတ်ခဲ့ခြင်းမဟုတ်ကြောင်း သိရှိရပါသည်။ (ICJ)တရားရုံး၏ ဆုံးဖြတ်ချက်သည် တရားမျှတမှု လုံးဝမရှိကြောင်း ထင်ရှားပေါ်လွင်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရှေ့ရှည်အကျိုးစီးပွားအတွက် ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းသွားမည်ဖြစ်ပြီး အပြီးသတ် အမိန့် ချမှတ်ခဲ့သည့်အမှုသည် တရားမျှတမှုလုံး၀(လုံး၀)မရှိပါသဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

စားအုန်းဆီ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

မြစ်သား၊ နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် Resources Group Trading Co; Ltd. နှင့် Hike Co;Ltd. များဦးဆောင်မှုဖြင့် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန တို့ပူးပေါင်း၍ မြစ်သားမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဈေးနှုန်းချိုသာစွာ စားသုံးနိုင်ရန် အတွက် စားအုန်းဆီတစ်ပိသာ ငွေကျပ် ၉၁၀၀ နှုန်းဖြင့် နိုဝင်ဘာ ၂၀ ရက်တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချရာတွင် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ဇာဇာအေး (မဇာ-ကုန်စုံဆိုင်၊ မြစ်သားမြို့)၊ ဦးအောင်စိုးမိုး(ကူမဲမြို့)၊ ဦးအောင်ဆန်းဝင်း(အောင်ကမ္ဘာဆီစက်၊ ကူမဲမြို့)၊ ဦးကိုကိုကြီး(နယူးဖန်စီဆိုင်၊ ကူမဲမြို့)၊ ဒေါ်ကေသီအောင်(မြစ်သားမြို့)၊ ဦးဟိန်းသီဟဇော်(မြစ်သားမြို့)၊ ဦးရှိုင်းဝဏ္ဏ(ရှယ်လီဌေးဆီဆိုင်၊ ကူမဲမြို့)စသည့် ဆီကုန်သည် ခုနစ်ဦးတို့က ရောင်းချပေးခဲ့သည်။ မြစ်သားမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တစ်ဦးလျှင် ၂ ပိသာ ၅၀ ကျပ်သားနှုန်းဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ၄၈ ဌာနတို့မှ အရာထမ်း၊ အမှုထမ်းများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဝါဝါမြင့်(မြစ်သား)

ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂၃

အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးတက္ကသိုလ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၈ ရက်က အင်း၀(၂၇)ခန်းမ၌ ကျင်းပရာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာစိုးမြင့်အေးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၁၅၀ ဦးအား မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမေသွယ်အေးနှင့် ဥပဒေပညာဌာနမှ ပါမောက္ခများက သင်ကြားခဲ့ပြီး ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်စော်မင်း

o–o–o–o–o

လူငယ်စကားဝိုင်း ကျင်းပ

ရပ်စောက် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့က အ.ထ.က(၂)၊ ရပ်စောက်ကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးမျိုးသန့်က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အ.ထ.က(၂) ရပ်စောက်ကျောင်း Grade - 12 ကျောင်းသူမယုနန္ဒာမှ လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-12 ကျောင်းသူ မဂျူးဂျူးချမ်းမြေ့ပိုင်မှ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade - 12 ကျောင်းသား မောင်ခန့်ဝင်းအောင်က လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 မှ မအေးသူဇာဦးမှ လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-7 မှ မအိမ့်စန္ဒီဖူးက လူငယ်နှင့် နည်းပညာခေါင်းစဉ်ဖြင့်လည်း ကောင်း အသီးသီးပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ဦးဆောင်ဆွေးနွေးသူနှင့် ခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

––*–*–*–*–*

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၃)အဆန် DEMU ရထားတွဲဆိုင်းအား ခဲဖြင့်ပေါက်သူ ဖမ်းဆီးရမိ



အမှတ်(၃)အဆန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်ခဲ့သည့် ဖမ်းဆီးရမိတရားခံနှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၃

မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ပိုမို စိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရေးအတွက် ခေတ်မီလေးအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့် လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီ ၃၂ မိနစ်တွင် အမှတ်(၃)အဆန် ရန်ကုန်-မန္တလေး DEMU လူစီးအမြန်ရထားသည် ဘဲလင်းဘူတာမှထွက်ခွာလာပြီး ဘဲလင်းဘူတာနှင့် စဉ့်ကိုင်ဘူတာအကြား မိုင်တိုင် ၃၆၈/၁၉ နှင့် မိုင်တိုင် ၃၆၈/၂၀ အတွင်း ညနေ ၃ နာရီ မိနစ် ၄၀ ရထားဖြတ်သန်းစဉ် ရထားသံလမ်း၏အနောက်ဘက်မှ ရထားအား ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်းပါ စက်ခေါင်းနောက် သုံးတွဲမြောက် အထက်တန်းတွဲ၏ ခုံအမှတ် 9 A,B နှင့် 10 A,B အကြား ပြတင်းတံခါးဘေးလေကာမှန် ကြေမွကွဲအက်မှုဖြစ်ပွားခဲ့သည်။

စဉ့်ကိုင်ဘူတာသို့ညနေ ၃ နာရီ ၄၁ မိနစ်တွင် ရောက်ရှိ၍ရထားအား ရပ်တန့်စစ်ဆေးပြီး ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဆက်လက်ထွက်ခွာခဲ့သဖြင့် ရထားကြန့်ကြာမှု ၂၄ မိနစ် ဖြစ်ပေါ်ခဲ့ကြောင်း၊ ခရီးသည်နှင့် ဝန်ထမ်း ထိခိုက်မှုမရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ရထားလိုက်လုံခြုံရေးရဲ ရဲတပ်ကြပ်ဦးစီး ခြောက်ဦး၊ စဉ့်ကိုင်ရဲပိုင်နှင့် စဉ့်ကိုင်မြို့နယ်ရဲစခန်းမှ ဒု-ရဲအုပ်ဦးစီး သုံးဦးတို့သည် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ရောက်ရှိစစ်ဆေးခဲ့ပြီး တရားခံအား ဖမ်းဆီးရမိရေး စဉ့်ကိုင်မြို့နယ်ရဲစခန်းတွင် အမှုဖွင့် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက်တွင် ရထားအား ခဲဖြင့်ပစ်ပေါက်ခဲ့သူ စဉ့်ကိုင်မြို့နယ် မြို့သစ်ရပ်ကွက်နေ သန်းဇော် အသက် (၅၈)နှစ် (ဘ)ဦးမြိုင် အား ဖမ်းဆီးရမိသဖြင့် စဉ့်ကိုင်မြို့မရဲစခန်း၌ (ပ)၇၅/၂၀၂၆၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ(၈၄)ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။





အမှတ်(၃)အဆန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်မှုကြောင့် အထက်တန်းတွဲ၏ ပြတင်းတံခါးဘေးလေကာမှန် ကြေမွအက်ကွဲမှု ဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

မြန်မာ့မီးရထားအနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉(ခ)အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း(သို့မဟုတ်) တစ်စုံတစ်ရာပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ(၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ အထိမပိုသော ထောင်ဒဏ်ချမှတ် ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ပြီး ဖမ်းဆီးရမိသောတရားခံများကို ဥပဒေနှင့်အညီ ထောင်ဒဏ်များ အသီးသီးချမှတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ပိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်

မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

မန္တလေး၊ နိုဝင်ဘာ ၂၃

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲဒွေရောင်ရပ်ကွက်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး အသိပညာပေးလုပ်ငန်းများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများကို နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုဝင်တို့ ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ ပုလဲဒွေရောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို ဦးဆောင်သော ရာအိမ်မှူးငါးဦး၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဦးတင်ဝင်းထွန်း ဦးဆောင်သော အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ စုစုပေါင်း ၂၀ ဦးဖြင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းအဖွဲ့သည် ပုလဲဒွေရောင်ရပ်ကွက်၊ အကွက်အမှတ် (၁၅၉)ရှိ အိမ်ခြေ ၁၀၂ လုံး၊ အိမ်ထောင်စု ၁၆၂ စုနှင့် လူဦးရေ ၅၀၀ ဦးတို့အား တစ်အိမ်တက် ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ 191 Report Application ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် လက်တွေ့ကွင်းဆင်း ရှင်းလင်းထည့်သွင်းပေးခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မီးဘေးအရေးပေါ်အခြေအနေများအတွက် ရေရှိနိုင်မှုကို စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာများ ပိုမိုရရှိလာစေရန်နှင့် မီးဘေးအန္တရာယ်ဖြစ်ပွားမှုများကို ကြိုတင်ကာကွယ် လျှော့ချနိုင်ရန် ရည်ရွယ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၇၀)

––*–*–*–*–*

ပဲရိုက်လောင်းကစားသူများအား ဖမ်းဆီးအရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၃

မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ ဖဲရိုက်လောင်းကစားသူများကို ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျောင်းပိုင်းရပ်ကွက်နေ ဒေါစန်း(၀၆)၏ အိမ်ခြံဝင်းတွင်း ဖဲရိုက်လောင်းကစားနေကြောင်း သတင်းအရ သံဖြူဇရပ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက် စစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်၌ ဒေါစန်း၀င်းဆိုသူနှင့်အတူ ကြာကန်ရပ်ကွက်နေ ဒေါမြင့်မြင့်စိန် (၅၅)နှစ်၊ အောင်ချမ်းသာရပ်ကွက်နေ ဒေါအေးစိုး(၅၅)နှစ်၊ ကြံ့ခိုင်ရေးရပ်ကွက်နေသူများဖြစ်သည့် ဒေါမြင့်ခင်(၆၅)နှစ်၊ ဒေါသင်းသင်းဇော်(၅၀)နှစ်၊ ဦးမောင်ဇော်(၄၃)နှစ်၊ ဒေါစန္ဒာအေး(၃၂)နှစ်၊ ဒေါအေးမာစန်း(၃၇)နှစ်၊ ဒေါချိုချိုဝင်း(၅၆)နှစ်၊ ဒေါစန်းစန်းမြင့်(၃၉)နှစ်နှင့် ဒေါခင်လေး(၅၂)နှစ်ဆိုသူတို့အား ဖဲရိုက်လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့် အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒေါစန်း၀င်း(ပါ-၁၁)ဦးဆိုသူတို့အား သံဖြူဇရပ်မြို့မရဲစခန်းမှ လောင်းကစား၃ပဒေဖြင့်လည်းကောင်း၊

အလားတူ ညနေ ၆ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ပဲခူးလမ်းရပ်ကွက်နေ ဦးစောလွင်(ခ)ကိုကိုလေး(၄၃)နှစ်ဆိုသူ၏နေအိမ်၌ ဖဲရိုက်လောင်းကစားနေကြောင်း သတင်းအရ အုတ်တွင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါ၀င်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်၌ ဦးစောလွင်(ခ)ကိုကိုလေး ဆိုသူ၊ တစ်ရပ်ကွက်တည်းနေသူများဖြစ်သည့် ဦးမြသောင်း(၇၁)နှစ်၊ ဦးစိုးလွင်(၆၃)နှစ်၊ ဦးစိန်၀င်း(၅၈)နှစ်၊ ဒေါစုစုလွင်(၄၀)နှစ်နှင့် လက်ဖွဲပ်ကျကျေးရွာနေ ဦးကျော်စိုးဦး(၄၅)နှစ်ဆိုသူတို့အား ဖဲရိုက်လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စောလွင်(ခ)ကိုကိုလေး(ပါ-၆)ဦး ဆိုသူတို့အား အုတ်တွင်းမြို့မရဲစခန်းမှ လောင်းကစား ဥပဒေပုဒ်မဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့.စဉ်သတင်းအဖွဲ့)

––*–*

နေအိမ် မီးလောင်မှုဖြစ်ပွား

မြစ်ကြီးနား၊ နိုဝင်ဘာ ၂၃

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မော်ဖောင်းကျေးရွာ၌ ပိုင်ရှင် ဦး……(၅၈)နှစ်ဆိုသူ၏ (၂၇×၁၈)ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းအုတ်ညှပ်နှစ်ထပ် နေအိမ်အပေါ်ထပ်ရှိ ဘုရားစင်အနီး သွယ်တန်းထားသော မီးပလတ်ခုံ အပူလွန်ကဲရာမှ အနီးရှိထရံသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြစ်ကြီးနား ခရိုင် မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။

(ယာပုံ)

အဆိုပါ မီးလောင်မှုကြောင့် (၂၇×၁၈)ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ အုတ်ညှပ်နှစ်ထပ် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် အိမ်ပိုင်ရှင်အား မြစ်ကြီးနားနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့.စဉ်သတင်းအဖွဲ့)



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်းရှိ Golden City အိမ်ရာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူ ၁၆ ဦးကို ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို ပျက်စီးစေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများကို ထိရောက်ပြင်းထန်စွာ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် ရန်ကင်းလမ်း၌ Golden City အိမ်ရာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူ အမျိုးသားလေးဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၆ ဦးကို အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ နိုဝင်ဘာ ၂၂ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က စုံစမ်းရှာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက် ည ၁၀ နာရီခန့်တွင် ရန်ကင်းလမ်း Golden City အိမ်ရာရှိ တိုက်(၃) ၁၆ လွှာရှိ အခန်းအမှတ်(၁၆၀၂)အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် အမျိုးသား သုံးဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ကို အွန်လိုင်းလိမ်လည်



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် Golden City အိမ်ရာ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိသည့် တည်နေရာပြပုံ။

လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် Laptop တစ်လုံး၊ Printer တစ်လုံး၊ Tablet တစ်လုံး၊ ဖုန်းမျိုးစုံ ၁၄ လုံး၊ Wifi စက် တစ်လုံး၊ ငွေကျပ် ၁၀ သိန်းတို့နှင့်အတူ လည်းကောင်း၊ ည ၁၁ နာရီခန့်တွင် တိုက်(၁) ၃၂ လွှာရှိ အခန်းအမှတ်(၃၂၀၁) အတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသည့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ကို Laptop ၁၃ လုံး၊ Tablet နှစ်လုံး၊ Wifi စက် နှစ်လုံး၊ ဖုန်းမျိုးစုံ ခုနှစ်လုံး၊ CCTV စက် တစ်လုံး တို့နှင့်အတူ လည်းကောင်း၊ ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် တိုက်(၄) (၆)လွှာရှိ အခန်းအမှတ်(၀၆၀၂) အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသည့် အမျိုးသမီး သုံးဦးကို Laptop တစ်လုံး၊ ဖုန်းမျိုးစုံ ငါးလုံးတို့နှင့်အတူ လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား ကနဦးစစ်မေးမြန်းချက်များအရ အဆိုပါအခန်းများကို တိုက်(၅) အခန်းအမှတ်(၂၇၀၂)တွင် နေထိုင်သည့် တရုတ်နိုင်ငံသား Mr. Jiang Hong Feng(ခ)ကျန်းဟုန်ဖန်းက ငှားရမ်းပေးထားခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် ပစ်မှတ်များကို Customer Service အဖြစ် ဆောင်ရွက်ပေးရကြောင်းနှင့် သိမ်းဆည်းရမိ Laptop နှင့် ဖုန်းများအတွင်း၌ Zaw Play.Com(Myanmar Online Casino Slots & Sports Betting) အွန်လိုင်းစလော့ဂိမ်းလောင်းကစားပြုလုပ်နေခြင်းကို ကနဦးစစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူ ၁၆ ဦးအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် Golden City အိမ်ရာ၌ ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။









အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် Golden City အိမ်ရာကို တွေ့ရစဉ်။





အွန်လိုင်းလောင်းကစားပြုလုပ်ရန် ဆွဲဆောင်သည်ပုံစံနှင့် zaw play လောင်းကစား Website/Application ၏ မှတ်တမ်းဓာတ်ပုံ။

ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူ တရားမဝင် တရုတ်နိုင်ငံသားများအပါအဝင် ၃၂၃ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံတော် အစိုးရအနေဖြင့် ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ် အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ် ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှု ကျူးလွန်သူများ အား ရှာဖွေဖော်ထုတ် တားဆီး ကာကွယ်ခြင်းများကို အမျိုးသား ရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိ ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး၌ အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူ တရုတ် နိုင်ငံသားများနှင့် မြန်မာနိုင်ငံသား စုစုပေါင်း ၃၂၃ ဦးကို အွန်လိုင်း လိမ်လည် လောင်းကစားမှု လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ် ပစ္စည်းများနှင့်အတူ ယနေ့တွင် ဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ကျူးလွန် လုပ်ကိုင်နေကြောင်း သတင်းအရ စုံစမ်းရှာဖွေ ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၆ နာရီခွဲတွင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာ၏အနောက်မြောက်ဘက် မိတာ ၁၈၀၀ ခန့်အကွာအေးရာ၌ အလျားပေ ၁၅၀၊ အနံပေ ၃၀ ရှိ ယာယီအလုပ်ရုံမိုးကာတဲ ငါးလုံး နှင့် ယာယီလူနေမိုးကာတဲ လေးလုံး၊ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ ယာယီလူနေမိုးကာတဲ လေးလုံး၊ အလျားပေ ၁၀၀၊ အနံပေ ၅၀ ရှိ ယာယီစားချက်ဆောင် တစ်လုံးနှင့် ယာယီစတိုဆောင် တစ်လုံးတို့ကို တွေ့ရှိခဲ့ပြီး ၎င်းတို့ အတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်လုပ်ကိုင် နေသူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၀၁ ဦးနှင့် အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၃၂၃ ဦးတို့ကို BERETTA-22 ပစ္စတို (ကျည်အိမ် အပါ) တစ်လက်၊ CZ 9mm ပစ္စတို (ကျည်အိမ်အပါ) တစ်လက်၊ SMITH – 22 အရှည်သေနတ် တစ်လက်၊ AK 47 သေနတ် ငါးလက် နှင့် ၎င်းကျည်အိမ် လေးခု၊ ပွိုင့် ၂၂ ကျည် ခြောက်တောင့်၊ Power Station အကြီး ၁၅ လုံးနှင့် အသေး နှစ်လုံး၊ Solar Station အလတ် ခြောက်လုံး၊ Laptop ၅၄ လုံး၊ ဖုန်းမျိုးစုံ ၂၁၇ လုံး၊ All in One ကွန်ပျူတာ ငါးလုံး၊ Starlink ဗန်း ၃၃ ခု၊ Router အခု ၃၀၊ Air Cooler (အလတ်) ရှစ်လုံး၊ Tiger (4x4 wheel) အမျိုးအစား ယာဉ်နှစ်စီး၊ Lexus အမျိုးအစား ယာဉ်တစ်စီး၊ Freezer အကြီး သုံးလုံးနှင့် အသေး သုံးလုံး၊ ထမင်းပေါင်းစက် တစ်ခန်းတွဲ တစ်ခု၊ ထမင်းပေါင်းစက် တစ်ခန်းတွဲ တစ်ခု၊ ဂက်စ်မီးဖို(အကြီး) တစ်ခု၊ မီးစက်(အကြီး) တစ်လုံး၊ အင်တာနက် လိုင်းအားမြှင့်စက် နှစ်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စီစစ်မေးမြန်းမှုများအရ ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများသည် တရုတ်နိုင်ငံရှိ ပြည်နယ်အသီးသီး တွင်နေထိုင်၍ ကျပန်းလုပ်ကိုင်ကြသူများဖြစ်ကာ Tiktok၊ Telegram၊ QQ စသည့် လူမှုကွန်ရက်များမှ တစ်ဆင့် ချိတ်ဆက်၍ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ရန် မြန်မာနိုင်ငံသို့ တရား မဝင် ဝင်ရောက်လာခဲ့ကြောင်း၊ ယခု အွန်လိုင်းလိမ်လည်လောင်းကစား မှုများ လုပ်ကိုင်နေသည်မှာ ရက်ပေါင်း ၄၀ ခန့်ခိုဝှေ့ဖြစ်ပြီး We Chat၊ MO MO၊ QQ စသည့် လူမှု ကွန်ရက်များမှတစ်ဆင့် တရုတ် နိုင်ငံရှိ ငွေကြေးကြွယ်ဝချမ်းသာ သူများအား အဓိက ပစ်မှတ်ထား ရှာဖွေရကြောင်း၊ ၎င်းနောက် ခင်မင်ရင်းနှီးမှု တည်ဆောက်ကာ အကျိုးတူစီးပွားရေးလုပ်ငန်းများ တွင် ပါဝင်လာစေရေး စည်းရုံးခြင်း များပြုလုပ်၍ ပစ်မှတ်များက အရင်း အနှီးများ ထည့်ဝင်လာသောအခါ အဆက်အသွယ် ဖြတ်တောက် ခြင်းများ ပြုလုပ်ရကြောင်း သိရ သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့ သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက် ပြင်းထန်စွာ အရေးယူဆောင်ရွက် သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိ သည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ။



ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများကို တွေ့ရစဉ်။



ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများနှင့်အတူ လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



ဖမ်းဆီးရမိ မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။



သိမ်းဆည်းရမိ လက်နက်များကို တွေ့ရစဉ်။



သိမ်းဆည်းရမိ ယာယီအလုပ်ရုံကို တွေ့ရစဉ်။



သိမ်းဆည်းရမိ ယာယီစတိုဆောင်ကို တွေ့ရစဉ်။



မီးခိုးမြှုပ်နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

တောင်တွင်းကြီး နိုဝင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်သမဝါယမဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ လေထုညစ်ညမ်းမှုကာကွယ်ခြင်းဖြင့် ကျန်းမာရေးကောင်းမွန်သောပတ်ဝန်းကျင်ဖန်တီးနိုင်စေရန် ရည်ရွယ်၍ ပန်းတောင်ယံကျေးရွာအုပ်စု၊ ကြီးအင်းကုန်းကျေးရွာ၌ နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြှုပ်နှင့်လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက လေထုညစ်ညမ်းမှုအန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ယခုလိုဟောပြောပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက မီးခိုးမြှုပ်အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုဆိုင်ရာသိကောင်းစရာများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက မီးခိုးမြှုပ်နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ကြီးအင်းကုန်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသား ၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ဝံပုံ)

ခွဲ.ယဉ်(ကျေးလက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ အသိပညာပေးဟောပြော

မိတ္ထီလာ နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် စက်ပစ္စည်းတောင်ကျေးရွာတွင် ကျေးရွာသစ်လှုပ်ရှားမှု ကော်မတီ (SMU) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က အဆိုပါကျေးရွာတွင် ကျင်းပခဲ့သည်။

(ယာပုံ)

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် စက်ပစ္စည်းတောင်ကျေးရွာဒေသခံပြည်သူများအား အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခိုင်က ဦးဆောင်၍ ညောင်ကိုင်းကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဒေါ်ဇင်မာဦးနှင့် တာဝန်ရှိသူများက အသိပညာပေးဟောပြောခဲ့ပြီး သွေးတိုး၊ ဆီးချိုနှင့် နှလုံးကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၅၃)



(၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၃

(၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက ဒကွိဏာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကား ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များအဖြေငှင့် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ကောင်းစွာသိရှိနားလည်ပြီး မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိမာန်များ ရှင်သန်ရေးစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာရေးဆရာအိုင်ပီ မျိုးအောင်က (၁၀၆) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် တက္ကသိုလ်ကျောင်းသား သပိတ်ကြီး စတင်ပေါ်ပေါက်လာပုံ၊ ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်တော်လှန်ခဲ့မှုနှင့် မျိုးဆက်သစ်လူငယ်များ လိုက်နာကျင့်သုံးအပ်သည့် အမျိုးသားရေးစိတ်ဓာတ် ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက်(၁၀၆) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဥာဏ်စမ်းပြိုင်ပွဲများကို ကျင်းပခဲ့ပြီး ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များနှင့် သုတ၊ ရသ၊ စာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

အောင်ဝိုင်ဟိန်း

o-o-o-o-o

ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ (My Library, My World Campaign) လှုပ်ရှားမှု အစီအစဉ်များ ဆောင်ရွက်

ပျော်ဘွယ် နိုဝင်ဘာ ၂၃

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်သို့ လာရောက်၍ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ 'ကျွန်ုပ်တို့ စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ' (My Library, My World Campaign) လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိရာ 'ကလေးတိုင်း စာဖတ်သူဖြစ်စေရမည်' (Every Child a Reader) အစီအစဉ်ကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေစောမွန်က 'ကျွန်ုပ်တို့ စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ' (My Library, My World Campaign) လှုပ်ရှားမှုအစီအစဉ် ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများနှင့် 'ကလေးတိုင်း စာဖတ်သူဖြစ်စေရမည်' (Every Child a Reader) ခေါင်းစဉ်ဖြင့် ပုံပြင်နားထောင်ပြီး ပုံဆွဲခြင်း၊ ဇာတ်ကောင်အကြောင်း ပြောပြခြင်းတို့ကို ဆောင်ရွက်ရာ ကျောင်းသား၊ ကျောင်းသူများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။



ထို့နောက် အပတ်စဉ်ပုံပြင်ပြောပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ဒုတိယဦးစီးမှူးက ပလတ်စတစ်အိတ်ကလေး၏ ခရီးစဉ်ရုပ်ပြပုံပြင်ကို ကျောင်းသား၊ ကျောင်းသူများအား ဖတ်ကြားပြောပြပြီး ပုံပြင်မှရရှိနိုင်သည့် အသိပညာ၊ ဗဟုသုတများကို လည်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ကျော်စွာထက်(ပျော်ဘွယ်)

ကလေးကျေးရွာတွင် စိုက်ပျိုးထားသော မီးနှောင်းချည်မျှင်ရှည်ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးအပြင် စျေးကွက်ဝင်နိုင်မည့် သီးနှံမျိုးစုံကို စိုက်ပျိုးကြရာ ကလေးကျေးရွာတွင် စိုက်ပျိုးထားသော ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ဝါသီးနှံများကို ဒေသနှင့်ကိုက်ညီသည့် ရွေတောင်(၈)၊ ငွေဆည်(၆)၊ ငွေဆည်(၉) ဝါမျိုးများကို အဓိကထားစိုက်ပျိုးကြပြီး စိုက်တန်း၊ စိုက်ကျင်းများကို နည်းစနစ်မှန်စွာနှင့် အပင်မကြပ်စေရန်၊ မျိုးစေ့သက်သာစေရန် စိုက်ကွင်း တစ်ကျင်းလျှင် မျိုးသန့်ဝါစေ့ သုံးစေ့ထက်မပိုဘဲ တစ်ဧကတွင် သတ်မှတ်အပင်အရေအတွက် ပြည့်မီစေရန် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ၁၉ ရက်ခန့်တွင် သန်မာသော ဝါပင်များကို ချန်ထားကာ သားခွဲနုတ်ပယ်ခြင်းများ ဆောင်ရွက်ရကြောင်း၊ အပင်နှင့် အသီးများဖြစ် ထွန်းအောင်မြင်စေရန်အတွက် မြေဆီအဖြစ် နွားချေးနွားလှည်း ၁၀ စီးနှင့် ကွန်ပေါင်းမြေဩဇာတစ်အိတ်အား မြေပြုပြင်၍ စိုက်ပျိုးကြောင်း၊ ပန်းပွင့်ချိန်တွင် ကွန်ပေါင်းအိတ်တစ်ဝက်နှင့် ယူရီးယားအိတ်တစ်ဝက်ရော၍ အပင်ခြေနှင့် ခုနှစ်လက်မခန့်အကွာ၌ သင်တင်ရုံဖြူးပေးရကြောင်း၊ လိုအပ်သည့် အချိန်များတွင် ပေါင်းမြက်ရှင်းခြင်း၊ မြေဆွေခြင်းနှင့် ရေသွင်းခြင်းများ ဆောင်ရွက်ပေးရကြောင်းနှင့် စုပ်ပိုး၊ ဝါဥမ်းပိုးနှံ၊ ရွက်လိပ်ပိုး ကာကွယ်ဆေးများနှင့် အခြားပိုးသတ်ဆေးများလည်း လိုအပ်သလို ဖျန်းပေးခြင်းဖြင့် ဝါတစ်ဧကလျှင် ပိသာချိန် ခုနစ်ရာကျော် ထွက်ရှိကြောင်း ဝါစိုက်ပျိုးသည့် တောင်သူများက ပြောသည်။

ကျောက်ဆည်မြို့နယ်တွင် ဝါသီးနှံများကို ရဲဘော်ကြီး၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲ၊ ကြောင်၊ ကြက်သားဟင်း၊ သင်္ဘော်၊ ကလေး၊ မွှေးပန်၊ ရှမ်းတောင်ဦး၊ ကုလားကျောင်း၊ အရှေ့သာဂရ၊ ပြည်တော်သာ၊ သံရွာ၊ ပေါင်းလောင်၊ တောင်တော်၊ ကင်းကျေးရွာများတွင် ဝါသီးနှံစိုက်ခင်းပေါင်း ၁၃၄၈၀ ဧက စိုက်ပျိုးထားကြောင်းနှင့် ဝါစိုက်ခင်းများ အောင်မြင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်း၍ နည်းပညာများ စနစ်တကျ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝံပုံ)

(၄၈၅)



နေပြည်တော်၌ ကိလိုမီတာ(၈၀) ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၃

၂၀၂၇ ခုနှစ်၊ စက်တင်ဘာလတွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ရည်ရွယ်၍ ကိလိုမီတာ(၈၀) ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ သိရသည်။



အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး FEI 1* Endurance Qualification (80 km) ပြိုင်ပွဲအဖြစ် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ မြို့ပတ်လမ်းရှိ နေပြည်တော်မြင်းစီးအားကစားကွင်း၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အားကစားသမားများသည် ဒီဇင်ဘာ ၂၅ ရက်တွင် ရောက်ရှိရမည်ဖြစ်ပြီး Technical Briefing ကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင် မြင်းများသည် အသက်လေးနှစ်အထက်ရှိပြီး ကျန်းမာရေးကောင်းမွန်ရမည့်အပြင် Resting Heart Beat နှုန်း ၄၀ အောက်ရှိရမည်ဖြစ်ကြောင်း၊ မြင်းစီးအားကစားသမားများသည် အသက် ၁၄ နှစ်အထက်ဖြစ်ရမည်ဖြစ်ပြီး လူနှင့်မြင်း၊ ကုန်းနှီးအပါအဝင် အနည်းဆုံးအလေးချိန် ၇၀ ကီလိုဂရမ် ရှိရမည်ဖြစ်သည်။ ထို့ပြင် အားကစားသမားနှင့် မြင်းများသည် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်တွင် မှတ်ပုံတင်ထားရမည်ဖြစ်ပြီး ပြိုင်ပွဲပြီးဆုံးသည်အထိ အတွဲလိုက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယခုပြိုင်ပွဲကျင်းပခြင်းသည် ၂၀၂၇ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်ရေး သာမက နိုင်ငံတကာပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် FEI 1* Level အရည်အချင်း ပြည့်မီသော လက်ရွေးစင်မြင်းစီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ကျင်းပခြင်း ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် ကလပ်အသင်းများနှင့် အားကစားသမားများအနေဖြင့် မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊စည်းကမ်းများကို လိုက်နာရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အထွေထွေအတွင်းရေးမှူး ဦးဌေးကျော်ဖုန်း Viber ၀၉-၇၉၅၄၀၈၀၅၂ နှင့် ရုံးအဖွဲ့မှူး ဒေါက်တာစိုးထွန်းဖုန်း Viber ၀၉-၅၁၅၈၀၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ) (မန္တလေးနေ့စဉ်-၈)



အယ်လ်နီညိုအခြေအနေ ဆက်လက်ဖြစ်ပေါ်နေပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာလတွင် အပြင့်ဆုံးအဆင့်ရောက်နိုင်

နေပြည်တော် နိုဝင်ဘာ ၂၃

အီကွေတာအနီး အပူပိုင်း ပစိဖိတ်သမုဒ္ဒရာတွင် အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေဆက်လက်ဖြစ်ပေါ်နေပြီး ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် အပြင့်ဆုံး အခြေအနေသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များအပေါ် အခြေခံခန့်မှန်းချက်အရ အီကွေတာအနီးရှိ အပူပိုင်း ပစိဖိတ်သမုဒ္ဒရာ အရှေ့အလယ်ပိုင်း ဒေသတွင် ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် ပုံမှန်အပူချိန်ထက် ၂.၄ ဒီဂရီစင်တီဂရိတ်မှ ၂.၇ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နေပြီး အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ယေဘုယျအားဖြင့် မိုးရွာသွန်းမှုပုံစံနှင့် မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် အပူချိန်မြင့်မားမှုနှင့် ရေရှားပါးမှုများကြောင့် မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်းနှင့် ရေကန်များတွင် ရေခန်းခြောက်နည်းပါးလာခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ မလုံလောက်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် အပူလှိုင်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနိုင်ကြောင်း သတိပေးထားသည်။

အလားတူ ရေလှောင်တမံများတွင် ရေဝင်ရောက်မှု နည်းပါးလာပါက ရေအားလွှဲပစ်ထုတ်လုပ်နိုင်မှု လျော့နည်းပြီး လွှဲပစ်စဓာတ်အားလိုအပ်ချက် မြင့်တက်လာနိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် အကြံပြုထားသည်။

ရာသီဥတုအခြေအနေကို အခြေခံ၍ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် တောင်သူများ အနေဖြင့်လည်း မိုးလေဝသအခြေအနေသတင်းများကို အလေးထားစောင့်ကြည့်ကြရန်နှင့် အယ်လ်နီညိုဖြစ်ပေါ်မှုဆိုင်ရာ သတင်းအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ နိုဝင်ဘာ ၂၁ ရက် ထုတ်ပြန်ချက်အရ သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

ဆောင်းနေကြာ အထွက်ကောင်းစေရန် မြေပြင်ဆင်မှုမှ ရိတ်သိမ်းချိန်အထိ စနစ်တကျပြုစုစောင့်ရှောက်ရန် လိုအပ်

မန္တလေး နိုဝင်ဘာ ၂၃

ပြည်တွင်းစားသုံးဆီဖုလုံရေးအတွက် အရေးပါသည့် ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နေကြာကို ဆောင်းရာသီတွင် အထွက်နှုန်းကောင်းမွန်စွာ စိုက်ပျိုးနိုင်ရန် မျိုးစေ့ရွေးချယ်မှု၊ မြေပြင်ဆင်မှု၊ ရေသွင်း၊ရေထုတ်စီမံခန့်ခွဲမှုနှင့် မြေဩဇာအသုံးပြုမှုတို့ကို စနစ်တကျ ဆောင်ရွက်ရန် လိုအပ်သည်။

နေကြာသီးနှံသည် အမြစ်နက်ရှိုင်းစွာ ထိုးဆင်းနိုင်သည့် အပင်မျိုးဖြစ်သဖြင့် မြေသားနက်ရှိုင်းပြီး ရေစီးရေလာကောင်းမွန်သော မြေမျိုးကို ရွေးချယ်စိုက်ပျိုးသင့်ကာ ရေဝပ်တတ်သည့် မြေများတွင် ရေထုတ်မြောင်းများကြိုတင်ပြုလုပ်ထားရန် လိုအပ်သည်။ စိုက်ပျိုးမည့်မြေကို ညက်ညောအောင် ထွန်ယက်ပြုပြင်ပြီး ပေါင်းမြက်နှင့် သီးနှံအကြွင်းအကျန်များကို ရှင်းလင်းပေးသင့်သည်။

ထို့ပြင် ဒေသရာသီဥတုနှင့် မြေအမျိုးအစားကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်အသုံးပြုရန် လိုအပ်ပြီး မျိုးစေ့အရည်အသွေး၊ အပင်ပေါက်နှုန်းနှင့် ရောဂါကင်းစင်မှုတို့ကို စစ်ဆေးသင့်သည်။ အတန်းလိုက် စိုက်ပျိုးခြင်းဖြင့် အပင်အရေအတွက် ထိန်းညှိခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းတို့ကို ပိုမိုလွယ်ကူစေနိုင်သည်။

နေကြာမျိုးစေ့ အညှောက်ပေါက်ချိန်တွင် မြေအဓိဓာတ်လုံလောက်ရန် လိုအပ်သကဲ့သို့ အပင်ကြီးထွားလာချိန်တွင်လည်း မြေအမျိုးအစားနှင့် ရာသီဥတုအခြေအနေအလိုက် ရေသွင်းပေးရန် လိုအပ်သည်။ အထူးသဖြင့် အဖူးထွက်ချိန်၊ ပန်းပွင့်ချိန်နှင့် အစေ့ဖြည့်တင်းချိန်တို့တွင် ရေမလုံလောက်ပါက အပင်ဖွံ့ဖြိုးမှုနှင့် အစေ့တည်မှုကို ထိခိုက်စေနိုင်သဖြင့် ရေသွင်း၊ရေထုတ်ကို ဂရုတစိုက် စီမံခန့်ခွဲသင့်သည်။

အပင်ငယ်စဉ်တွင် ပေါင်းမြက်များသည် ရေ၊ အာဟာရဓာတ်နှင့် နေရောင်ခြည်တို့ကို ယှဉ်ပြိုင်ရယူနိုင်သည့်အတွက် ပုံမှန်ရှင်းလင်းပေးရန် လိုအပ်ပြီး အရွက်၊ ပင်စည်နှင့် ပန်းခေါင်းများတွင် ပိုးမွှားနှင့် ရောဂါကျရောက်မှု ရှိ၊ မရှိကိုလည်း စောင့်ကြည့်စစ်ဆေးသင့်သည်။

မြေဩဇာအသုံးပြုရာတွင် နိုက်ထရိုဂျင် (N)၊ ဖော့စဖောရပ် (P) နှင့် ပိုတက်စီယမ် (K) တို့သည် နေကြာပင်၏ ကြီးထွားဖွံ့ဖြိုးမှုအတွက် အရေးပါသည့် အာဟာရဓာတ်များဖြစ်ပြီး နိုက်ထရိုဂျင်သည် အရွက်နှင့် ပင်စည်ကြီးထွားမှု၊ ဖော့စဖောရပ်သည် အစေ့ဖွံ့ဖြိုးမှုနှင့် ပိုတက်စီယမ်သည် အပင်အတွင်း ရေဓာတ်ထိန်းညှိမှုတို့ကို အထောက်အကူပြုသည်။

မြေခံမြေဩဇာကို မြေပြင်ဆင်ချိန်တွင် အသုံးပြုနိုင်ပြီး အပင်ကြီးထွားမှုအဆင့်အလိုက် ထပ်မံဖြည့်တင်းနိုင်သော်လည်း မြေဩဇာအမျိုးအစားနှင့် အသုံးပြုနှုန်းထားကို မြေဆီလွှာအခြေအနေ၊ မျိုးကွဲနှင့် ဒေသဆိုင်ရာ စိုက်ပျိုးရေးအကြံပြုချက်များအပေါ် မူတည်၍ သတ်မှတ်သင့်သည်။ ထို့အပြင် သဘာဝမြေဩဇာနှင့် ဆွေးမြေ့ပြီးသော အော်ဂဲနစ်ပစ္စည်းများကိုလည်း သင့်တော်သလို အသုံးပြုနိုင်သည်။



နေကြာရိတ်သိမ်းရာတွင် ပန်းခေါင်း၏ နောက်ကျောဘက် အရောင်သည် အစိမ်းရောင်မှ အဝါရောင်၊ အညိုရောင်သို့ ပြောင်းလဲလာခြင်းနှင့် အစေ့များ ရှင့်မှည့်လာခြင်းတို့ကို ကြည့်ရှု၍ ရိတ်သိမ်းသင့်သည်။ ရိတ်သိမ်းပြီး နောက် အစေ့များကို သင့်တော်သည့်အတိုင်း အခြောက်ခံကာ အစိုဓာတ်နှင့် မွှိတက်ခြင်းမှ ကာကွယ်နိုင်သည့် ခြောက်သွေ့သန့်ရှင်းသောနေရာတွင် သိုလှောင်ထားရန် လိုအပ်သည်။

ထို့ကြောင့် ဆောင်းနေကြာစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်းနှင့်အတူ မြေဆီလွှာအခြေအနေကို နားလည်ပြီး ရေသွင်း၊ရေထုတ်၊ ပေါင်းမြက်နှင့် ပိုးမွှားရောဂါကာကွယ်ရေး၊ မြေဩဇာအသုံးပြုရေးတို့ကို အချိန်နှင့် တစ်ပြေးညီ စနစ်တကျ ဆောင်ရွက်ခြင်းသည် အထွက်နှုန်းကောင်းမွန်ရေးအတွက် အရေးပါကြောင်း သိရသည်။ **(အပေါ်ပုံ) ရွှေမန်း**

မြန်မာ့အရည်အသွေးမြင့် ကော်ဖီများ တရုတ်ဈေးကွက်သို့ တိုးချဲ့တင်ပို့

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံထွက် အရည်အသွေးမြင့် အာရေဗီကာနှင့် ရိုဘတ်စတာကော်ဖီများကို တရုတ်နိုင်ငံ၏ဈေးကွက်အတွင်းသို့ တိုးချဲ့တင်ပို့ရောင်းချရန်ရည်ရွယ်ချက်ဖြင့် စီးပွားရေးလုပ်ငန်းအချင်းချင်း တိုက်ရိုက်ချိတ်ဆက်သည့် B2B လမ်းကြောင်းများမှတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။

မြန်မာ့ကော်ဖီများကို ဈေးကွက် ကျယ်ပြန့်သည့် တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရေးနှင့် ဈေးကွက်ဝေစုပိုမိုရရှိလာစေရေးအတွက် လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်နေခြင်း ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံကော်ဖီအသင်းအနေဖြင့် တရုတ်နိုင်ငံယူနန်ပြည်နယ်ရှိ ကော်ဖီသင်တန်းကျောင်းများ၊ ကော်ဖီအသင်းအဖွဲ့များနှင့် ကုန်သည်ကြီးအသင်းများကြား ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားသည်။

အလားတူ မြန်မာနိုင်ငံအတွင်း ကော်ဖီတန်ဖိုးမြှင့်ထုတ်လုပ်ရေးစက်ရုံများ၊ ကော်ဖီလှော်စက်ရုံများနှင့် ထောက်ပံ့ရေးကွင်းဆက်ဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေးအတွက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ကော်ဖီများ၏ အရည်အသွေးနှင့် ထုတ်လုပ်မှုစွမ်းရည်ကို မြှင့်တင်ကာ တရုတ်ဈေးကွက်အတွင်း တိုက်ရိုက်ဝင်ရောက်နိုင်ရေးအတွက် ကုန်သွယ်ရေးချိတ်ဆက်မှုများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

ထင်းအစားထိုးလောင်စာများ သုံးစွဲကြစို့

ယနေ့ကမ္ဘာကြီး၏ လူဦးရေမှာ သန်း ၈၀၀၀ ခန့်ရှိပြီဟု သုတေသီများကခန့်မှန်းကြသည်။ တစ်ဆက်တည်းတွင် ကမ္ဘာ့၏ ရာသီဥတုပြောင်းလဲမှု ဖန်လုံအိမ်အာနိသင် တိုးပွားမှုမှာလည်း အရှိန်မြင့်နေသည်။ အပူချိန်တိုးပွားရခြင်း အကြောင်းတစ်ခုမှာ သစ်ပင်များခုတ်လှဲပြီး ထင်းအစားထိုးသုံးစွဲခြင်းကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် သစ်တောများမှာ နှစ်စဉ်ဧက ငါးသိန်းကျော်ရှိနေသည်။ လူတစ်ဦးမွေးဖွားတိုင်း သစ်ပင် ၁၀၀ ခန့် ခုတ်လှဲခံနေရသည်ဟု ဆိုသည်။ ကမ္ဘာ့သစ်တော ၃၀ ရာခိုင်နှုန်းမှာ ပရိဘောဂလုပ်ရန် စတေးခံရလျက်ရှိပြီး သတင်းစာ စက္ကူတန် ၁၀၀၀ ရရန် သစ်ပင် ၁၅၀၀၀ ခုတ်လှဲခံနေရကြောင်း သိရှိရသည်။

ကမ္ဘာ့လူသားအများစုမှာ ကျေးလက်တွင် နေထိုင်ပြီး ချက်ပြုတ်သုံးစွဲရန်အတွက် သစ်ပင်သစ်သားကို ထင်းအဖြစ်သုံးရသည်။ ထို့ကြောင့် သစ်ပင်များ ခုတ်လှဲခံရမှုသက်သာစေရန်အတွက် ထင်းအစားထိုးလောင်စာတောင့်များကို တီထွင်သုံးစွဲလာကြပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သော မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့မှာ ဘူမိပထဝီအရ မိုးကွယ်အရပ်ဖြစ်နေပါသည်။နှစ်စဉ်မိုးရေချိန်မှာ ၃၀ ရာခိုင်နှုန်းသာရှိသည်။အပူချိန်မြင့်မားသည်။ သစ်တောဖုံးလွှမ်းမှုမှာလည်း ၁၇ ရာခိုင်နှုန်းသာရှိသည်။ မြေဆီညှုံဖျင်းသော မြေနိမ့်ဒေသများဖြစ်သည်။ လူဦးရေမှာ တစ်နိုင်ငံလုံးနေထိုင်မှု၏ ၂၅ ရာခိုင်နှုန်းရှိနေသည်။ တစ်နိုင်ငံလုံး၏ တိရစ္ဆာန် ၅၀ ရာခိုင်နှုန်း မွေးမြူထားသော ဒေသလည်းဖြစ်သည်။

အပူပိုင်းဒေသများဖြစ်သည့်အတွက် တောင်ကတုံးကို ယောင်ထုံးမည်ဟူသော စကားအတိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ထင်းအစားအခြားလောင်စာ သုံးစွဲရေးလုပ်ငန်းစဉ်နည်းလမ်းခြောက်ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(၁) စွမ်းအားမြှင့် အေဝမ်းမီးဖိုဖြန့်ဖြူးခြင်း၊
(၂) ထင်းအစား အခြားလောင်စာတောင့်များသုံးစွဲခြင်း၊
(၃) စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲခြင်း၊
(၄) ထင်းအစား အခြားလောင်စာသုံး စံပြကျေးရွာတည်ထောင်ခြင်း၊
(၅) ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲခြင်းနှင့် သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောခြင်း၊
(၆) တိုးချဲ့ပညာပေးစခန်းဖွင့်လှစ်ပြသခြင်း တို့ဖြစ်ပါသည်။

စွမ်းအားမြှင့် မီးဖိုဖြန့်ဖြူးသုံးစွဲခြင်းတွင် သုံးပွင့်ဆိုင်ဖိုခုံလောက်မီးဖိုများကို အသုံးပြုခြင်းကြောင့် လောင်စာအလဟဿဖြစ်မှုများပြားပြီး သစ်ပင်များခုတ်လှဲအသုံးပြုမှုများလာခဲ့ပါသည်။

ထို့ကြောင့် သမားရိုးကျဖိုခုံလောက် မီးဖိုနှင့် နှိုင်းစာလျှင် ထင်းကုန်ကျမှု ၄၀ ရာခိုင်နှုန်း သက်သာသော စွမ်းအားမြှင့်မီးဖိုများကို စံပြကျေးရွာများတွင် ဖြန့်ဖြူးပေးခဲ့ပါသည်။ မီးခိုးထွက်မှုလျော့နည်းသဖြင့် မိခင်နှင့်ကလေးများ မျက်စိ၊ လည်ချောင်းနှင့် အဆုတ်ရောဂါများ ကင်းဝေးစေမည်။ ချက်ပြုတ်ရာတွင် လျင်မြန်မှုလွယ်ကူပြီး စရိတ်အကုန်အကျသက်သာစေသည်။ သစ်ပင်ခုတ်လှဲမှု လျော့နည်းစေပါသည်။

အေဝမ်းအမျိုးအစား စွမ်းအားမြှင့်မီးဖိုသည် ထင်းသုံးစွဲမှု ၄၀ ရာခိုင်နှုန်းသက်သာစေပါသည်။ ကျေးလက်အိမ်ထောင်စုတစ်နှစ်ပတ်လုံး သုံးစွဲပါက ကုန်ကျမည့်ထင်း ၂ ဒသမ ၅ တန်၏ ၄၀ ရာခိုင်နှုန်းဖြစ်သော ထင်းတစ်တန်လျော့နည်း သက်သာစေပါသည်။ စွမ်းအားမြှင့်သုံးစွဲရာတွင် သတိပြုရမည့် အချက်များရှိသည်။ ၄င်းတို့မှာ-

(၁)ထမင်းဟင်းချက်စဉ်အတွင်း မီးဖိုပေါ်သို့ ထမင်းအိုး၊ ဟင်းအိုး၊ ရေနွေးငွေ့များ ဝေမကျစေရန်လိုသည်။

(၂)မီးထိုးသည့်ထင်းချောင်းများ ရှည်နေပါက မီးခံပြားပေါ်သို့ အလေးမပိစေရန် ထင်းချောင်းများ၏ အဖျားတွင် ခဲခုပေးရန်လိုသည်။

(၃)စွမ်းအားမြှင့် မီးဖိုကို မကြာခဏ ရွှေ့ပြောင်းခြင်း မပြုလုပ်ရန်လိုသည်။

(၄) မီးဖိုဏ်မီးခံပြားမှ အပေါက်များတွင် မီးကျီခဲပိတ်ဆို့နေက ဖယ်ရှားရန်လိုသည်။

(၅) လေဝင်၊ လေထွက်ကောင်းသောနေရာတွင် ချက်ပြုတ်ရန်လိုသည်။

(၆) ထင်းများကို အခြောက်ခံပြီးမှ သုံးစွဲရန်လိုသည်။

(၇) ထမင်းအိုး၊ ဟင်းအိုး၏အရွယ် အချင်းသည် အေဝမ်းမီးဖိုဏ် အချင်းထက်ပို၍ ကြီးရမည်။

(၈) လေဝင်၊လေထွက် ကောင်းမွန်ပြီး မီးတောက်စေရန် ဖိုခုံလောက်အမြင့်ကို သံပြား အုတ်ကြွပ်များဖြင့် ခုပေးရမည်။

မီးဖိုကို သစ်တောသုတေသန ရေဆင်းတွင် ပြုလုပ်သည်။ ရွှံ့စေးကို အသုံးပြုသည်။ ယခင်က ငွေကျပ် ၁၅၀၀ နှင့်ရောင်းသည်။ ယခုအခါ လူကြိုက်များပြီး ဝယ်ယူသုံးစွဲသူများ များပြားလာသည်။ ထင်း၊ မီးသွေးအပြင် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို သုံးစွဲနိုင်ပြီး လောင်စာလျှော့ချမှု ၄၀ ရာခိုင်နှုန်းရှိသည်။

မီးဖိုဏ်အမြင့်မှာ ၉ ဒသမ ၅လက်မ၊ ထိပ်ဝအထူ ၀ ဒသမ ၆လက်မ၊ အောက်ခြေအချင်း ၇ ဒသမ ၇လက်မ၊ မီးထိုးပေါက် ၄ ဒသမ ၅လက်မ၊ မီးခံပြားအထူ ၀ ဒသမ ၆လက်မ၊ မီးခံပြားအချင်း ၆ လက်မ၊ ၁၄ပေါက်ရှိပြီး အိုးတင်နှုတ်ခမ်းအမြင့်မှာ ၀ ဒသမ ၃လက်မရှိသည်။ အလေးချိန်ပိသာ ၄ ဒသမ ၃၄ လက်မရှိသည်။ ထင်းသုံးစွဲမှုလျော့ပါးစေသော မီးဖိုဖြစ်သည်။

မီးဖိုအပိုင်းမှာပြည့်စုံသကဲ့သို့ လောင်စာတောင့်များကိုလည်း အမျိုးအစား(၆)မျိုးဖြင့် ပြုလုပ်ထားသည်။ ၄င်းတို့မှာ-

(၁) စပါးခွံလောင်စာတောင့်
(၂) ဆီးခွဲခြမ်းလောင်စာတောင့်
(၃) ရေနံချိုးလောင်စာတောင့်
(၄) ကျောက်မီးသွေးလောင်စာတောင့်
(၅) မီးသွေးမှုန့်လောင်စာတောင့်
(၆) လွှစာမှုန့်လောင်စာတောင့်တို့ဖြစ်သည်။

စပါးခွံနှင့်မီးသွေးမှုန့်လောင်စာတောင့်မှာ ထုတ်လုပ်နိုင်သလောက်ဈေးကွက်ရှိနေသည်။ ဆီးခွဲခြမ်းလောင်စာတောင့်မှာ ဝယ်လိုအားရှိသည်။ ရာသီအလိုက် ဝယ်ရသော ကုန်ကြမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံးထုတ်လုပ်နိုင်မှုမရှိပါ။ ရေနံချိုးလောင်စာတောင့်မှာ ကုန်ကြမ်းအခက်အခဲရှိသည်။ ကျောက်မီးသွေးလောင်စာတောင့်မှာ မီးခိုးထွက်နှံ့ရှိသည်။

မြို့နေအိမ်ထောင်စုတစ်စုသည် တစ်နေ့လျှင် လောင်စာတောင့်ခြောက်တောင့်သုံးစွဲလျှင် ချက်ပြုတ်ရေးအတွက် လုံလောက်သည်။ တစ်နှစ်လျှင် လောင်စာတောင့် ၂၁၉၀ တုံးသာ ကုန်သည်။ မြို့နေ အိမ်ထောင်စုမှာ ထင်းသုံးလျှင် တစ်နှစ်ထင်း လိုအပ်ချက်မှာ ၁ ဒသမ ၄ တန် ဖြစ်၍ လောင်စာတုံး ၁၅၇၀ တုံး သုံးစွဲခြင်းသည် ထင်းတစ်တန်လျော့နည်းသက်သာသည်။ အသေးစား၊အလတ်စား စက်မှုလုပ်ငန်းများတွင် လောင်စာတောင့်သုံးစွဲခြင်းဖြင့် စီးပွားရေးတွက်ခြေကိုက်မှုရှိလာပြီး သိုလှောင်ရန်နေရာမပေးရ၍ နေရာဝန်ကျဉ်းသည်။

ထို့အပြင် ထင်းသုံးစွဲမှုလျော့နည်းခြင်း၊ ဈေးနှုန်းသက်သာ၍ စီးပွားရေးတွက်ခြေကိုက်ခြင်း၊ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုကို သက်သာစေပါသည်။

လောင်စာတောင့်များအား ကြက်ခြံများတွင် ကြက်ပေါက်များအား မီးအနွေးငွေ့ပေးရာတွင် လည်းကောင်း၊ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ရေနံချက်ဖိုတွင် သုံးစွဲလျက်ရှိကြပါသည်။ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများအားလည်း ထင်းအစားထိုးသုံးစွဲလျက်ရှိကြပါသည်။ စွန့်ပစ်ပစ္စည်းအမျိုးအစားမှာ ၁၂ မျိုးရှိပါသည်။

၄င်းတို့မှာ ပဲစင်းငုံ၊ ဝါရိုး၊ ထန်း၊ စပါးခွံ၊ နေကြာ၊ နှမ်း၊ ပြောင်း၊ မြေပဲ၊ ပဲနောက်၊ အုန်းနှင့် ငရုတ်ကိုလည်း သုံးစွဲနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းသုံးစွဲခြင်းဖြင့် ထင်းစုဆောင်းရန်အချိန်ကုန် သက်သာစေခြင်း၊ ငွေကြေးကုန်ကျမှုမရှိသဖြင့် မီးဖိုချောင်အသုံးစရိတ် ချွေတာနိုင်ခြင်း၊ ထင်းခုတ်လှဲမှု လျော့နည်းလာသဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ ရာသီဥတုကောင်းမွန်ပြီး သီးနှံအထွက်နှုန်းတိုးလာ၍ လူမှုစီးပွားရေး အခြေအနေများ မြင့်မားစေပါသည်။

ထပ်မံ၍ ထင်းအစား အခြားလောင်စာသုံးစွဲသည့် စံပြကျေးရွာများ တည်ထောင်ပေးရန် လိုပါသည်။ စံပြကျေးရွာများ တည်ထောင်ပေးခြင်းဖြင့် သဘာဝတောများ ပျက်စီးပြုန်းတီးမှု လျော့နည်းသွားစေရန်၊ လယ်ယာထွက် စိုက်ပျိုးရေးမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား ကျယ်ကျယ်ပြန်ပြန့် သုံးစွဲလာစေရန်၊ ခြံစည်းရိုးပင်များ၊ ကျေးရွာပတ်ဝန်းကျင်တောများကို ထင်းအတွက်ထုတ်ယူသုံးစွဲမှု နည်းလာသည်နှင့်အမျှ ကျေးရွာပတ်ဝန်းကျင် စိမ်းလန်းလာစေပါသည်။

စံပြကျေးရွာထူထောင်ပေးခြင်းဖြင့် ရွာသားများ၏ အသိ၊ သတိနှင့်ဆင်ခြင်တုံတရား အားကောင်းလာစေသည်။ ကျေးရွာသူ၊ ရွာသားများသည် အစားထိုးလောင်စာများ၏အကြောင်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အခြေခံဗဟုသုတရှိသူဖြစ်ရန် လိုသည်။ စာကြည့်တိုက်ရှိသော ရွာလည်းဖြစ်ရန် လိုသည်။ အိမ်ထောင်စု ၁၀၀ မှ ၂၀၀ အတွင်းရှိသည့် ပြည်ထဲရေးအမည်ပေါက် ကျေးရွာဖြစ်ရန်လည်း လိုသည်။ ဟောပြောပွဲ ကျင်းပမည်ဆိုပါက မူလတန်းကျောင်း(သို့မဟုတ်)ဘုန်းတော်ကြီး ပညာသင်ကျောင်းတို့ရှိရပါမည်။

စံပြကျေးရွာသည် ပဲစင်းငုံရိုး၊ ပြောင်းရိုး၊ မြေပဲရိုး၊ စပါးခွံနှင့် ဝါရိုးတို့ ကုန်ကြမ်းရရှိနိုင်သောရွာဖြစ်ရန်လိုသည်။ စွန့်ပစ်ပစ္စည်းများ မသုံးစွဲနိုင်ပါက အုန်းပင်၊ ထန်းပင်ဘေးထွက်ပစ္စည်းများကိုလည်း ဖြည့်စွက်အသုံးပြုနိုင်ပါသည်။

လျှပ်စစ်မီးမရသောရွာကို ဦးစာပေး ရွေးချယ်ပါသည်။ လျှပ်စစ်မီးမရသည့်အတွက် နေ့စဉ်ချက်ပြုတ်စားသောက်ရာတွင် ထင်း၊ မီးသွေးအစား အခြားလောင်စာများ အဓိကသုံးစွဲသည့် ကျေးရွာများ ဖြစ်ရန် လိုသည်။ ထို့အပြင် စွမ်းအားမြှင့် အေဝမ်းမီးဖိုသုံးစွဲဖူးသည့် ရွာ၊ ကြားသိဖူးသောရွာဖြစ်ရမည်။ အိမ်ထောင်စုများအားလုံးသို့ အခမဲ့ဖြန့်ဝေပါက အခြားအစားထိုး လောင်စာသုံးစွဲနိုင်သည့် ကျေးရွာများ ဖြစ်ရပေမည်။ ဌာနမှ အခမဲ့ဖြန့်ဝေမှုအပြင် လိုအပ်ချက်ရှိပါက မိမိအစီအစဉ်ဖြင့် ဝယ်ယူသုံးစွဲနိုင်သည့် ကျေးရွာများဖြစ်ရန်လိုကြောင်း စံနှုန်းနှင့် အညွှန်းကိန်းများ သတ်မှတ်ထားပါသည်။

အခြားစံနှုန်းများလည်း ရှိသေးသည်။ ကျေးလက်ကျန်းမာရေးဌာန(သို့မဟုတ်) ကိုယ်ထူကိုယ်ထကျန်းမာရေးဖွင့်လှစ်ထားက ပိုကောင်းသည်၊ ဘက်စုံသုံးတစ်ရွာတစ်ဧက၊ တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာ ၂၀ ပင်၊ စိုက်ပျိုးပြီး ရွာ(သို့မဟုတ်)ပူးပေါင်းဆောင်ရွက်မည့်ရွာ (သို့မဟုတ်) သစ်တောဖုံးလွှမ်းမှုကောင်းသော ရွာဖြစ်ရန် လိုသည်။

အခြေခံသောက်သုံးရေ ဖူလုံမှုအနည်းဆုံး ၅၀ ရာခိုင်နှုန်းအထက်ရှိသော ကျေးရွာ၊ ပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသော ရွာဖြစ်ရပေမည်။ ပတ်ဝန်းကျင်ထိမ်းသိမ်းရေး ဟောပြောပွဲအနည်းဆုံးနှစ်ကြိမ်နှင့်အထက် ဟောပြောပြီး ရွာဖြစ်ရန် လိုသည်။

တစ်နည်းဆိုသော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် ပူပြင်းခြောက်သွေ့သော အညာဒေသအား စိမ်းလန်းစိုပြည်စေရန် ကြိုးပမ်းနေရင်းမှ သစ်ပင်ခုတ်လှဲမှုပြုန်းတီးခြင်းမှ ကာကွယ်နေခြင်းဖြစ်သည်။ သစ်ပင်ခုတ်လှဲပြီး ထင်းအဖြစ်သုံးစွဲခြင်း ကင်းဝေးစေရန်အတွက် ဌာနအစီအစဉ်ဖြင့် လောင်စာတောင့်များ သုံးစွဲစေခြင်းပင်ဖြစ်ပါသည်။

တောင်သူများ အားကျအတုခိုးစေရန်အတွက် ထူးချန်စံပြကျေးရွာများအား ဆုများ ချီးမြှင့်ပေးခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ သာယာစုကျေးရွာကလည်းကောင်း ၊ မကွေးတိုင်းဒေသကြီး၊မြိုင်မြို့နယ်၊ ထန်းငယ်တောကျေးရွာကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ တောင်ဦးကျေးရွာလည်းကောင်း ဆုများ ရရှိခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ မင်းတုန်းကျေးရွာကလည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ကန်နှစ်ဆင့်ကျေးရွာကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ချောင်းရှည်ကျေးရွာကလည်းကောင်း ဆုများ ရရှိခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ မြင်းခြံဘွားကျေးရွာက လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ထန်းတိုကျေးရွာကလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ သူဌေးကုန်းကျေးရွာက လည်းကောင်း ဆုရရှိခဲ့သည်။

၂၀၁၇ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ဇီးပေါက်ကျေးရွာက လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဇီးပင်တွင်းကျေးရွာကလည်းကောင်း ဆုများ ရရှိခဲ့သည်။

ပတ်ဝန်းကျင်ထိမ်းသိမ်းရေးဦးစီးဌာနမှ လူထုဟောပြောပွဲများပြုလုပ်၍ ပြည်သူများအား ဗဟုသုတများ၊ အတွေးအမြင်များ ဆွေးနွေးပေးလျက်ရှိပါသည်။ လုပ်ငန်းများအား ဆောင်ရွက်ရာတွင် ကျေးလက်နေဒေသခံပြည်သူများအား အတင်းအကျပ် လူစုစည်း၍ ဟောပြောခြင်းကို ရှောင်ကြဉ်ရန်၊ ကျေးလက်နေပြည်သူများအားလပ်သည့်အချိန်ကို ကြိုတင်ညှိနှိုင်း၍ ဟောပြောမှုကို ဆောင်ရွက်ရန်၊ ကျေးလက်နေပြည်သူများ များများစားစားစုမိသည့် အခါကြီး၊ ရက်ကြီးများအား ရွေးချယ်ဆောင်ရွက်ခြင်း၊ ဟောပြောသူမှ အထက်စီးပုံစံဖြင့် ပြုမူဟောပြောခြင်းမရှိဘဲ လက်ရည်တစ်ပြင်တည်းဖြင့် ဟောပြောရန် သတ်မှတ်ထားခြင်းမှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

အချုပ်အားဖြင့်ဆိုသော် ကမ္ဘာကြီးပူနွေးလာခြင်းအကြောင်းရင်းတစ်ခုမှာ သစ်တောသစ်ပင်များ ဧကပေါင်းများစွာ စည်းကမ်းမဲ့ အခုတ်ခံရ၍ ဖြစ်ပါသည်။ ထင်းသုံးစွဲလို၍ သစ်ပင်ခုတ်လှဲခံရခြင်းမဖြစ်အောင် ထင်းအစားအခြားလောင်စာများသုံးစွဲခြင်းလုပ်ငန်းမှာ ခရီးပေါက်အောင်မြင်နေပြီဖြစ်ပါသည်။ သို့ဖြစ်၍ အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုများကို သိရှိစေရန်ရည်ရွယ်၍ စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

မင်းလပြည့်(ဟားခါး)



မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ပန်းချီပြိုင်ပွဲ ကျင်းပ

မြစ်သား နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောက်သူများအချိန်ကို အကျိုးရှိရှိအသုံးချပြီး ပန်းချီရေးဆွဲတတ်စေရန် ရည်ရွယ်၍ ပန်းချီပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သီတာအောင်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပန်းချီပြိုင်ပွဲကျင်းပပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ အနုပညာကို စိတ်ပါဝင်စားတတ်စေရန်၊ ပင်ကိုယ်စိတ်ကူးစိတ်သန်းများ မြင့်မားလာစေရန် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပန်းချီပြိုင်ပွဲကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
ဝါဝါမြင့်(မြစ်သား)

o–o–o–o–o–o–o

အခြေခံအင်္ဂလိပ်စာ Grammar ရေးနည်း သင်တန်းဆက်လက်ပို့ချ

ပျော်ဘွယ် နိုဝင်ဘာ ၂၃

ပျော်ဘွယ်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူလူငယ်များ အင်္ဂလိပ်စာ ဘာသာရပ်ကို အခြေခံမှစတင်၍ နားလည်စေရန်အတွက် အခြေခံအင်္ဂလိပ်စာ Grammar ရေးနည်းသင်တန်းကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပို့ချခဲ့သည်။

Grammar ရေးသားနည်း သင်တန်းကြောင့် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးသားမှု အရည်အသွေးတိုးတက်လာခြင်း၊ စာဖတ်ခြင်းနှင့် နားထောင်ခြင်းတို့တွင် ပိုမိုနားလည်မှုလွယ်ကူလာစေခြင်း၊ အင်္ဂလိပ်စာနှင့်ပတ်သက်၍ ယုံကြည်မှုတိုးတက်လာခြင်း၊ စနစ်တကျ သင်ကြားပေးခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ အင်္ဂလိပ်စာအခြေခံအုတ်မြစ် ခိုင်မာစေပြီး နောက်ဆက်တွဲများဖြစ်သည့် Speaking, Writing, Reading တို့တွင်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

(အောက်ပုံ)

အဆိုပါ သင်တန်းသို့အခြေခံပညာအလယ်တန်း အဆင့် ရှိ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ နိုဝင်ဘာလကုန်အထိ ဖြစ်ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

o–o–o–o–o



စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်း ကျင်းပ

လယ်ဝေး နိုဝင်ဘာ ၂၃

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ ကျောင်းသားလူငယ်များ စာပေဗဟုသုတများပိုမိုရရှိစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်လာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စာဖတ်ဝိုင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ **(အပေါ်ယာပုံ)**



စာဖတ်ဝိုင်းတွင် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က စာဖတ်ဝိုင်း ကျင်းပရခြင်း၊ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် Book Clubနှင့် စာပေဝါသနာရှင် ကျောင်းသား၊ ကျောင်းသူများက စာရေးဆရာကြီး မော်ဝန်းသီဟ ရေးသားသည့် အောင်မြင်တဲ့လူငယ် စာအုပ်ဖြင့် အသီးသီးဆွေးနွေးကြပြီး စာရေးဆရာ၊ ဆရာမများက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်ကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသ၊ စာအုပ်၊ စာစောင်များကို တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

o–o–o–o–o



အသက်သည် သွေး၊ သွေးသည် အသက်

လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

လွိုင်လင် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ လူထုအခြေပြုဗဟိုဌာန Community Center ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်နန်းပြည့်စန္ဒီမြင့်က လူငယ်နှင့်စည်းကမ်း၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် စာအုပ်၊ စာပေများ လေ့လာသင့်ကြောင်းကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်နန်းအေးအေးသိန်းက လူငယ်နှင့်စာဖတ်ခြင်း၊ စာအုပ်၊စာပေ၏တန်ဖိုးအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

o–o–o–o–o–o–o–o





ဖတ်စရာ၊ မှတ်စရာ စုံလင်

မန်းနေ့စဉ်ရဲ့ ဘုံကထိန်

* "ဘုံကထိန်" ဂုဏ်ရိုနိုထုံသိန်မွှမ်း
ဂုဏ်ထိန်လျှမ်းငဲ့ ကျောင်းတော်မဟာ ။
တောင်တော်မန်းရဲ့ မြတ်သောနေရာ
ကျောင်းအလှ မည်သည်မှာ
"သာယာအေး" ။
စိမ့်ရေစမ်းနဲ့ အေးချမ်းပေတာ
တရားမြတ်ကျင့်ရာ အခွင့်လန်းသာပေါ့လေး။

* "စည်ပင်.မန်း"ရဲ့ ဆက်/ပြန် ပါကွယ်
"မန်းနေ့စဉ်"ဝယ် သန္ဓါမနေး ။
စုပေါင်းကာရယ် အလှူပေး
သံသရာအေးဖို့ အဖြေရှာ ။
ကထိန် စီဝရံ မြတ်သင်္ကန်းနဲ့
ထက်ယံနန်းသို့ ရည်မှန်းကာသာ ။

* လှူဖွယ်အစုစု ပေါင်းစုညီညာ
လိုအပ်ရာရာ တွေးကြံဆ
အတူတကွ ပြုကြသည်မှာ
ရွေးကာ ရေစက်သာ ။
ကံကြုံကြလို့ ဆုံရ သည်အခါ
ကထိန်အမ၊ ဒါယကာဖြစ်ကြပြီ ဘုရားလေး။ ။

စောချိုသာ

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ စာကြည့်တိုက်အသုံးပြုနည်းနှင့် သတင်းအချက်အလက်မှန်ကန်မှု စစ်ဆေးနည်းမိတ်ဆက်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ဆွေးနွေးပြောကြားစဉ်။

နောင်နောင်(ဒီဿနိုးမြေ)



စကြာပန်းတောင်းစေတီတော်မြတ်ကြီးတွင် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပွင့်ဖြူမြို့နယ် နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ဦးဆောင်၍ ဌာနဆိုင်ရာများ စုပေါင်းပြီး နိုဝင်ဘာ ၂၁ ရက်က ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းကျေးရွာအနီးရှိ စကြာပန်းတောင်းစေတီတော်မြတ်ကြီးတွင် ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသူလင်းနှင့် ကော်မတီအဖွဲ့ဝင်များက ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းကျေးရွာအနီးရှိ စကြာပန်းတောင်းစေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စေတီတော်ရင်ပြင်အား သန့်ရှင်းရေးပြုလုပ်ခြင်း၊ ရင်ပြင်တော်ပေါ်ရှိ ရုစ်မျက်နှာဘုရားအား ရေသပ္ပာယ်ခြင်း၊ စေတီတော်ပရိဂုဏ်အတွင်း၊ အပြင်ရှိ ပေါင်းမြက်များရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)

o–o–o–o–o

ရွှေသင်္ကန်းကပ်လှူခြင်း ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

ညောင်ဦး နိုဝင်ဘာ ၂၃



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းရုပ်စုံတန်ဆောင်းတော်၊ ကြေးဂူတိုက်လေးလုံးရှိ အထွတ်စေတီတော်တို့အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေပန်းအိုး၊ ရွှေပန်းကိုင်စြောက်လုံးတို့အား ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ပစ္စယံများပေါ်ရှိ ကလသာအိုးများ ရွှေသင်္ကန်းကပ်လှူခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရွှေစည်းခုံဘုရားဝင်းအတွင်းရှိ ဝေဃယန္တာ ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားကို နမော တဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ထို့နောက် ပရိသတ်များက အလိုတော်ပြည့်စာသင်တိုက် ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ဖွားသရဏဂုံသောဂါထာပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

(အပေါ်ပုံ)

ဆက်လက်၍ အလှူတော်ပြည့်စာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာ တရားနာယူ၍ လူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

(၄၈၁)

ဘဒ္ဒန္တမေယိယ၏ (၅၁)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် ပုနောပသမ္မဒ ကံထပ်မင်္ဂလာအခမ်းအနား ကျင်းပ

ညောင်ဦး နိုဝင်ဘာ ၂၃



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ လောကနန္ဒာပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တမေယိယ၊ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ၊ နိုင်ငံတော်သံဃာ့ဝန်ဆောင်ဆရာတော်၏ (၅၁) နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် ပုနောပသမ္မဒ ကံထပ်မင်္ဂလာကို နိုဝင်ဘာ ၂၀ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဝိဇာတမွေးနေ့မင်္ဂလာနှင့် ပုနောပသမ္မဒ ကံထပ်မင်္ဂလာကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပဏ္ဍိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ယာယီဥက္ကဋ္ဌ ဦးဇေပိုင်ထက်၊ ဒုတိယဗိုလ်မှူးကြီးသော်ထိုက်နှင့် ခရိုင်ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်၊ ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပဏ္ဍိတထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှအတန်း ပေးဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

––*–*–*–*–*

ပြင်ဦးလွင်မြို့တွင် (၂၆)ကြိမ်မြောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲ ကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအုံထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးတွင် မသိုးသင်္ကန်းရက်ကန်းခတ်ပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေ ၆ နာရီက ဘုရားကြီး ရင်ပြင်ပေါ်၌ ကျင်းပခဲ့သည်။

အဆိုပါ မဟာအုံထူးကံသာ ဆုတောင်းပြည့်ဘုရား (၂၆) ကြိမ်မြောက် မသိုးသင်္ကန်းရက်ကန်းခတ်ပွဲကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြပြီး ရက်ကန်းခတ်နေမှုအား လှည့်လှည်ကြည့်ရှုကြသည်။

ထို့နောက် မသိုးသင်္ကန်းရက်ကန်းခတ် ပူဇော်ပွဲတွင် သုမာလာ၊ သုစိတ္တာ၊ သုနန္ဒာ၊ သုမင်္ဂနှင့် သုဇိတာ စသည့် ရက်ကန်းစင်များဖြင့် မိမိတို့ရက်ကန်းစင်အလိုက် မသိုးသင်္ကန်းကို အချိန်မီပြီးစီးနိုင်ရန်အတွက် ယက်ဖောက်ရောက်ခြင်း၊ ချည်ဆက်ခြင်း၊ ရက်ကန်းခတ်ခြင်း၊ ရက်ကန်းစင် ငါးစင်မှ ရရှိသော သင်္ကန်းအား ဆက်ချုပ်ခြင်းတို့အား အချိန်နှင့်တစ်ပြေးညီ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်နေကြောင်း ရက်ကန်းခတ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆက်လက်၍ မဟာအုံထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးအား ရည်စူး၍ ဘုရားကြီးရင်ပြင်ပေါ်၌ စိန်နားပန်မီးပုံး ပျံများ လွှတ်တင်ပူဇော်ခဲ့ရာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများဖြင့် စည်ကားလှုပ်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ညောင်ဦးမြို့နယ်၊ သန့်စင်ကြယ်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ညောင်ဦး နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းတန်းကြီး ကျေးရွာအုပ်စု၊ သန့်စင်ကြယ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက သန့်စင်ကြယ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်ကြသူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်၊ အဆိုပါ လုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သန့်စင်ကြယ်ကျေးရွာ RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သန့်စင်ကြယ်ကျေးရွာရှိ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် အသားတိုးဝက်မွေးမြူရေး လုပ်ငန်း ဆောင်ရွက်သည့် အစုအဖွဲ့(၁)မှ အသင်းသား၊ အသင်းသူ ငါးဦးကို ဒုတိယအကြိမ်မြောက် RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)

မီးမရှိ၊ မြေမမြုပ်
စက္ခုတွေကို၊ ဒါနလုပ်။

နိုင်ငံတကာ အားကစား သတင်းများ

အီဂေါ်မာတာနိုဗစ်ချ်ကို ခေါ်ယူရန် မန်ယူအသင်းနှင့် စပါးအသင်းတို့ အပြိုင်စိတ်ဝင်စား



လန်ဒန် နိုဝင်ဘာ ၂၃

မန်ယူအသင်းနှင့် စပါးအသင်းတို့သည် ဖရိုင်းဘတ်အသင်းတိုက်စစ်မှူး အီဂေါ်မာတာနိုဗစ်ချ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဖရိုင်းဘတ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၃ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းနှင့် မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဖရိုင်းဘတ်အသင်းကလည်း အီဂေါ်မာတာနိုဗစ်ချ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆိုရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းနှင့် စပါးအသင်းတို့အနေဖြင့် မည်သည့်အသင်းက အီဂေါ်မာတာနိုဗစ်ချ်ကို လက်ဦးမှုရရှိအောင် ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

ဒီဇိုင်းယားဒူယေး ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

ပါရီ နိုဝင်ဘာ ၂၃

ပီအက်စ်ဂျီအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဒီဇိုင်းယားဒူယေးသည် ဒူးဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ခြင်းကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းက နိစ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဒီဇိုင်းယားဒူယေး ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ပီအက်စ်ဂျီအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ဒီဇိုင်းယားဒူယေးသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၇ပွဲကစားပြီး ၃၅ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(ယာပုံ)

(NGB)



အက်သလက်တီကိုမက်ဒရစ်အသင်းက ဂီတာဖေးအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ



မက်ဒရစ် နိုဝင်ဘာ ၂၃

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ဂီတာဖေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အက်သလက်တီကိုမက်ဒရစ်အသင်းက ဂီတာဖေးအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၁၀ မိနစ်တွင် ဘေနာ၊ ပွဲချိန် မိနစ် ၃၀ တွင် ကာဒိုဆို၊ ပွဲချိန် (၉၀+၂) မိနစ်တွင် ဂရီမာလ်ဒိုတို့က အသီးသီးသွင်းယူပေးခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၂၉ရက်တွင် အယ်လ်ချီအသင်းနှင့် ဆက်လက်ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

ကော်တိုအာ ရီးရဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

မက်ဒရစ် နိုဝင်ဘာ ၂၃

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းဂိုးသမား ကော်တိုအာကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၄၉ ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ကော်တိုအာက ‘ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာကိုလည်း ရယူသွားလိုပါတယ်။ ကစားသမား ဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်’ဟု ပြောသည်။



(အပေါ်ပုံ) (NGB)

2026 LP Open by IND တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Rebeka Masarova တက်ရောက်

ချီလီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 LP Open by IND တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဆွစ်ဇာလန်တင်းနစ်မယ် Rebeka Masarova တက်ရောက်ခဲ့သည်။

နစ်မယ် Rebeka Masarova သည် 2026 LP Open by IND တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် Laura Samson ကို ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း 2026 LP Open by IND တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် Rebeka Masarova နှင့် စပိန်တင်းနစ်မယ် Zuleta De Reales တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (NGB)

အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်	
၂၅-၁၁-၂၀၂၆ နံနက်၀၂း၁၅နာရီ	ပို့စမောက် - ဝက်စ်ဟမ်း	ပို့စမောက် ၀-၁ ဝက်စ်ဟမ်း ဝက်စ်ဟမ်း ၄-၃ ပို့စမောက်	၂၀-၀၀၀၂
၂၅-၁၁-၂၀၂၆ နံနက်၀၂း၃၀နာရီ	ဝုဖ် - ဒါဘီ	ဝုဖ် ၂-၀ ဒါဘီ ဒါဘီ ၂-၁ ဝုဖ်	၃၀-၀၀၀၂

ဘုန်းမောက်အသင်းသမိုင်းတွင် ပရီးမီးယားလိဂ် ခြောက်ပွဲဆက် ဂိုးသွင်းနိုင်သူအဖြစ် အီဟနီလ်ဆန် မှတ်တမ်းဝင်



လန်ဒန် နိုဝင်ဘာ ၂၃

ဘုန်းမောက်အသင်း တိုက်စစ်မှူး အီဗာနီလ်ဆန်သည် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ် ၆ပွဲဆက် ဂိုးသွင်းနိုင်သူအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ဘုန်းမောက်အသင်းက နော်တင်ဟမ်ဖောရက်စ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုကဲ့သို့ မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အီဗာနီလ်ဆန်သည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၇ပွဲကစားပြီး ၂၆ ဂိုးအထိ သွင်းယူထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ အီဗာနီလ်ဆန်က ‘ကျွန်တော် အခုလို စံချိန်မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေ ဆက်လက်ပိုင်ဆိုင်ဖို့ ကြိုးစားသွားမှာပါ’ဟု ပြောသည်။ (အပေါ်ဝဲပုံ)

(NGB)

ဂါရတ်ဘေးလ် နောက်ပိုင်း ပရီးမီးယားလိဂ်ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ဝီလီယံစ်ဘားနက်စ် မှတ်တမ်းဝင်

လန်ဒန် နိုဝင်ဘာ ၂၃

စပါးအသင်း တောင်ပံကစားသမား ဝီလီယံစ်ဘားနက်စ် (အသက် ၁၈နှစ်၊ ၅၁ရက်)သည် ဂါရတ်ဘေးလ် (အသက် ၁၈နှစ်၊ ၄၇ရက်) နောက်ပိုင်း အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်တွင် ဂိုးသွင်းနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် စပါးအသင်းက အစ်ဆွစ်ချ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ဝီလီယံစ်ဘားနက်စ်သည် စပါးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ လေးပွဲကစားပြီး တစ်ဂိုးသွင်းယူထားသည်။

ဝီလီယံစ်ဘားနက်စ်သည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသည်။ (အောက်ပုံ)(NGB)



ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၅) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်)	နောက်ဆုံးတွေ့ဆုံမှုရလဒ်
၂၅-၁၁-၂၀၂၆ ဗုဒ္ဓဟူးနေ့	နံနက်၀၀း၁၅နာရီ	ဘိုဒိုဂလင့် - လင့်ဒ် (နော်ဝေ-၁) (ဩစတြီးယား-၃)	—
။	။	ဂါလာတာစာရေး - အက်စတွန်ဗီလာ (တူရကီ-၁) (အင်္ဂလန်-၁၂)	—
၂၅-၁၁-၂၀၂၆ ဗုဒ္ဓဟူးနေ့	နံနက်၀၂း၃၀နာရီ	အာဆင်နယ် - ဒေါ့မွန် (အင်္ဂလန်-၁) (ဂျာမနီ-၁)	အာဆင်နယ် ၂-၀ ဒေါ့မွန် ဒေါ့မွန် ၂-၀ အာဆင်နယ်
။	။	ကိုပို - AEK အောင် (အီတလီ-၅) (ဂရီ-၃)	—
။	။	ဗီယင်နု - ပေါ်တို (နယ်သာလန်-၅) (ပေါ်တူဂီ-၁)	ဗီယင်နု ၂-၀ ပေါ်တို ပေါ်တို ၃-၂ ဗီယင်နု
။	။	မန်စီးတီး - နာပိုလီ (အင်္ဂလန်-၃) (အီတလီ-၈)	မန်စီးတီး ၂-၀ နာပိုလီ နာပိုလီ ၂-၄ မန်စီးတီး
။	။	လိုက်ပဇစ် - လန်းစ် (ဂျာမနီ-၄) (ပြင်သစ်-၁၁)	လိုက်ပဇစ် ၁-၂ လန်းစ် (၉-၈-၂၀၂၅ ကလပ်အသင်းခြေစမ်းပွဲစဉ်)
။	။	ရီးရဲလ်မက်ဒရစ် - ပီအက်စ်ဂျီ (စပိန်-၂) (နယ်သာလန်-၁)	—
။	။	ဆလိုဗန် - ဘက်တစ် (ဆလိုဗက်ကီးယား-၂) (စပိန်-၄)	—

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

ကျောက်ဆည် နိဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို နိဝင်ဘာ ၂၀ ရက်နှင့် ၉ နာရီက ကျောက်ဆည်မြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။ **(အောက်ယာပုံ)**

ကျောက်ဆည်ခရိုင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်စိမ်ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် မန္တလေးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကော်မတီအတွင်းရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဇေဖြိုးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာနည်ဝင်းက အလုပ်လုပ်ကိုင်ခွင့်ရှိသည့် အလုပ်သမားများနှင့်ပတ်သက်၍ ဥပဒေအကြောင်းများကို လည်းကောင်း၊ ခရိုင်ဥပဒေရုံးမှ ခရိုင်ဥပဒေအရာရှိ ဦးနန္ဒာအောင်က ကလေးအလုပ်သမား ဥပဒေများအကြောင်းများကို လည်းကောင်း၊ ခရိုင်ပညာရေးမှူး ဒေါ်သီသီကြိုင်က ကလေးအလုပ်သမားကာကွယ်ရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေးခြင်းများနှင့်ပတ်သက်၍လည်းကောင်း၊ ခရိုင်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာက လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းအကြောင်း အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးနံရံကပ် စာစောင်များကို တက်ရောက်လာကြသည့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများက ကြည့်ရှုလေ့လာခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၄၈၅)**





ဇလငါးတန်ဖွဲ့ဖြိုးရေး လူငယ်စကားဝိုင်းကျင်းပ

မိုးနဲ နိဝင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် နားလင်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် လူငယ်များ ဇလငါးတန်ဖွဲ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသိန်းထိုက်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းမွမ်းဆိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ Grade-9 မှ နန်းမွေဖောင်က ကာယဗလခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-7 မှ နန်းဆွယ်လောင် ဉာဏဗလခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-7 မှ စိုင်းနောင့်အွမ်က မိတ္တဗလခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-8 မှ နန်းမိုလင်းက စာရိတ္တဗလခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-6 မှ နန်းနောင့်ခွန်းက ဘောဂဗလခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ကျောင်းအကျိုးတော်ဆောင် ဦးလုံးဆိုက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

o–o–o–o–o



လွယ်လိုင်+ကွန်ပန်ကျေးရွာ နှစ်ရွာ၌ မြစိမ်းရောင်စိမ်ကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းကိုင် နိဝင်ဘာ ၂၃

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွယ်လိုင်+ကွန်ပန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစိမ်ကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် ရုံးအဖွဲ့ဝန်ထမ်းများက မြစိမ်းရောင်စိမ်ကိန်းလုပ်ငန်းအမွေဝင်များနှင့်အတူ မြစိမ်းရောင်စိမ်ကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၃၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၁၇ ဒသမ ၅ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၀ ဦးကို ရန်ပုံငွေကျပ် ၇၃ ဒသမ ၅ သန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

(အပေါ်ပုံ)

အောင်ရဲကျော်

တပ်ဆင်အသုံးပြုနေသော အိမ်သုံးမီတာများ တရားမဝင်တတ်အားသုံးစွဲမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ နိဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ တပ်ဆင်အသုံးပြုနေသော စက်မှုလုပ်ငန်းသုံး ပါဝါမီတာများနှင့် အိမ်သုံးမီတာများ တရားမဝင်တတ်အားသုံးစွဲမှု မရှိစေရေးအတွက် ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မိတ္ထီလာခရိုင်လျှပ်စစ် မန်နေဂျာ ဦးနောင်ဘိုတိုလင်းနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဇော်ဦးတို့ ဦးဆောင်၍ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကို၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို၊ မီတာဖတ်စာရေးများနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက မြို့နယ်အတွင်း တပ်ဆင်အသုံးပြုနေသော အိမ်သုံးမီတာများအား လျှပ်စစ်ဓာတ်အားသုံးစွဲသူများက မသမာသော နည်းလမ်းအသုံးပြု၍ တရားမဝင်သုံးစွဲမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ မီတာဆီးလ်များ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ဓာတ်အားခပေးဆောင်ခြင်း ရှိ၊ မရှိတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)



မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းနှင့် ပြည်သူများအား အသိပညာပေးလုပ်ငန်းများဆောင်ရွက်

မန္တလေး နိဝင်ဘာ ၂၃

မန္တလေး၊ ပြည်ကြီးရန်လုံရဲရင်ကွက်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပြည်သူများ မီးဘေးလုံခြုံရေး အသိပညာ ပိုမိုရရှိစေရေးအတွက် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို နိဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်နှင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကို ကိုတို့ ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦး၊ ပြည်ကြီးရန်လုံရဲရင်ကွက် အုပ်ချုပ်ရေးမှူး ဦးမိုးသန်းဦး၊ ရပ်/ကျေးစာရေး ဒေါ်မြစန္ဒာလင်းနှင့် ရာအိမ်မှူး ခုနစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဦးမျိုးမင်းထွန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့ ပါဝင်သည့် စုစုပေါင်းအဖွဲ့ဝင် ၂၀ ဦးဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်ကြီးရန်လုံရဲရင်ကွက်၊ အကွက် အမှတ်(၆၃/၆၄) ရှိ အိမ်ခြေ ၁၃၀ လုံး၊ အိမ်ထောင်စု ၁၉၀ စုနှင့် လူဦးရေ ၃၈၀ ဦးတို့အား တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ပြည်သူများအနေဖြင့် 191 Report Application ကို သိရှိအသုံးပြုနိုင်ရေး ကွင်းဆင်းရှင်းလင်းဆောင်ရွက်ခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မီးဘေးအရေးပေါ်အခြေအနေများတွင် အသုံးပြုနိုင်ရန် ရေရရှိမှုအခြေအနေများကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၇၀)

o–o–o–o–o





သာစည်ခေတ်မီစံပြကျေးရွာ၌ လူထုအသိပညာပေးဟောပြောပွဲ ကျင်းပ

ရမည်းသင်း နိုဝင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကျေးလက်နေပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိပညာနှင့်ဗဟုသုတများ တိုးပွားရရှိစေရန် ရည်ရွယ်သည့် လူထုအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက သာစည်ခေတ်မီစံပြကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီးရေးရာ အသိပညာပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် အယ်လ်နီညို ရာသီဥတုကာကွယ်ရေးဆိုင်ရာ ကြိတ်ပြင်ဆင်ရမည့် အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောကြသည်။

ထို့နောက် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက မီးခိုးမြို့ငွေ့ လျှော့ချရေး၊ စနစ်တကျ အမှိုက်စွန့်ပစ်ရေး၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုနှင့် အိမ်တွင်းလေထုညစ်ညမ်းမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါများနှင့် ကြိတ်ကာကွယ်ရေးနည်းလမ်းများ၊ အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပွားလာနိုင်သည့် ရေရှားပါးမှုများနှင့် သောက်သုံးရေများ ကြိတ်စုဆောင်းထားကြရန် အကျယ်တဝင့် ဟောပြောခဲ့သည်။

အဆိုပါ လူထုအသိပညာပေးဟောပြောပွဲတွင် ကျန်းမာရေးနှင့် အယ်လ်နီညိုရာသီဥတု အသိပညာပေး လက်ကမ်းစာစောင်များကို တာဝန်ရှိသူများက သာစည်ခေတ်မီစံပြကျေးရွာရှိ ရပ်မိ၊ရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) မောင်နိုင်

––*–*

––*–*–*–*

အမျိုးသားပြတိုက်(နေပြည်တော်)နှင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ မိတ္ထီလာမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများ သွားရောက်လေ့လာ

မိတ္ထီလာ နိုဝင်ဘာ ၂၃

မိတ္ထီလာခရိုင် ကျောင်းပြင်ပလေ့လာရေးခရီးစဉ်ကြီးကြပ်မှုဦးစီးကော်မတီနာယက ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၏ ကြီးကြပ်မှုဖြင့် နိုဝင်ဘာ ၂၁ ရက်က အမျိုးသားပြတိုက်(နေပြည်တော်)နှင့် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ မိတ္ထီလာမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူ၊ ကျောင်းသားများ သွားရောက်လေ့လာခဲ့သည်။

အဆိုပါ လေ့လာခရီးစဉ်အား ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မျိုးချစ်စိတ်ဓာတ်များရှင်သန်ထက်မြက်ပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ ကျောင်းစာသင်ခန်းများတွင်သင်ကြားရသော သင်ခန်းစာများကို လက်တွေ့ဆက်စပ်အသုံးချတတ်စေရန်၊ စိတ်ပင်ပန်းနွမ်းနယ်မှုများလျော့ကျပြီး ပျော်ရွှင်ကြစေရန်၊ မတူညီသောနေရာဒေသမှ ယဉ်ကျေးမှုဓလေ့ထုံးစံများကို သိရှိနားလည်ခံစားတတ်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သောအလေ့အကျင့်ကောင်းများ ရရှိပြီး နိုင်ငံတော်မှမျှော်မှန်းထားသည့် အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လေ့လာရေးခရီးလာရောက်သည့် မိတ္ထီလာမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ချုပ်သူ ဆရာ၊ ဆရာမများ အမျိုးသားပြတိုက်(နေပြည်တော်)နှင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး ပြတိုက်များတွင် ခင်းကျင်းပြသထားသည့် ပြခန်းများသို့ လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၅၃)

o–o–o–o–o



အယ်လ်နီညိုရာသီဥတုအကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များပြန့်ဝေ

နောင်မွန် နိုဝင်ဘာ ၂၃

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ရည်ရွယ်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ကပ်တယ်ကျေးရွာသို့ အယ်လ်နီညိုအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့်ဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများ ပူးပေါင်းအဖွဲ့က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ပြီး အပူလွန်ကဲခြင်းများ၊ ရေရှားပါးခြင်းများ၊ ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသုံလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းခြင်းနှင့် ရေကို လိုအပ်သလောက်သာ သုံးစွဲကြရန် လိုက်နာရမည့်အချက်များအား အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

(အောက်ပုံ) အောင်ရဲကျော်(ကျေးလက်)



မင်းရွာကိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မင်းတုန်း နိုဝင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပုံပို့ငွေဖြင့် မင်းရွာကိုင်းကျေးရွာအုပ်စု၊ မင်းရွာကိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၀ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ရာ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလွန်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မင်းရွာကိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးမှုအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားခဲ့သည်။

မင်းရွာကိုင်းကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပုံပို့ငွေကျပ် ၁၅သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ကိုးသန်း၊ စုစုပေါင်းငွေကျပ် ၂၄ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လူ

မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မိုင်းလား နိုဝင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းလားခရိုင်၊ မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများ ရရှိစေရန်ရည်ရွယ်၍ ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက (၂၈)မိုင် ကျေးရွာ၌ ကျင်းပခဲ့သည်။

(ယာပုံ)

ရှေးဦးစွာ မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးသက်ညီညီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး မီးခိုးမြူငွေ့ လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါ အမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန် စသည့် အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းလားမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန် စသည့် အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။



အဆိုပါ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ (၂၈)မိုင်ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသား တက်ရောက်ခဲ့ကြောင်း သိရသည်။

သော်ဓင်ထူး(ကျေးလက်)

အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

နေပြည်တော် နိုဝင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဩဇွိုးလေး ကျေးရွာ၊ တလုပ်ပင်ကျေးရွာ၊ ရှားချောင်းကျေးရွာ၊ ကြိုဇလုပ်ကျေးရွာ၊ လက်ပံခုန်ကျေးရွာနှင့် ခေတ်အေးကျေးရွာတို့၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ကျေးလက်နေပြည်သူများအနေဖြင့် ရေကို စနစ်တကျအသုံးပြုရန်နှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်း၊ ရေရှားပါးမှုဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရန်နှင့် ရေကို လိုအပ်သလောက်သာ သုံးစွဲကြရန် အသိပညာပေး ဟောပြောခဲ့သည်။



ထို့နောက် ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာခြောက်ရွာမှ ကျေးရွာပြည်သူများအား အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)နောဲလူး

မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းယန်း နိုဝင်ဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ယန်းခိုင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဦးရန်ကျော်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိကို စစ်ဆေးပြီး ခရိုင်ဦးစီးမှူး က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂ ဦးကို အရင်းမပျောက်လည်း ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

အောင်ရဲကျော်(ကျေးလက်)



စာဖတ်သူလူငယ်များ၏ အနာဂတ်တောက်ပရမည် အစီအစဉ်ဆောင်ရွက်

တာချီလိတ် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ကျောင်းသား၊ ကျောင်းသူများအကြား စာဖတ်ရှုမှု အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ 'စာဖတ်သူ လူငယ်များ၏ အနာဂတ်တောက်ပရမည်' (Young Readers, Bright Future)အစီအစဉ်ကို ယမန်နေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ဆောင်ရွက်ခဲ့သည်။



အဆိုပါ အစီအစဉ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်နှင့် ဝန်ထမ်းများက အခြေခံပညာအထက်တန်းကျောင်း(တာချီလိတ်)မှ ကျောင်းသား၊ ကျောင်းသူ ၄၀ ဦးအား စာဖတ်ခြင်းကို စိတ်ပါဝင်စားစွာ လေ့လာလိုက်စားလာစေရန် လူငယ်စာပေကလပ်များ ဖွဲ့စည်းခြင်း၊ ရက်ပေါင်း ၃၀ အတွင်း စာအုပ်များ ဖတ်ရှုရမည့် စာဖတ်စိန်ခေါ်မှု ပြိုင်ပွဲများ ပြုလုပ်ခြင်း၊ ဖတ်ရှုထားသည့် စာအုပ်များအကြောင်း မိတ်ဆက်ပြောဆိုခြင်းနှင့် စာအုပ်သုံးသပ်ချက်များ ရေးသားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရပ်ဆိုင်ရာ လေ့လာရှာဖွေမှုများ ပြုလုပ်ရာတွင် စာကြည့်တိုက်ကို ထိရောက်စွာ အသုံးပြုတတ်စေရန်နှင့် ရရှိလာသော သတင်းအချက်အလက်များ၏ မှန်ကန်မှု၊ ယုံကြည်စိတ်ချရမှုတို့ကို စိစစ်အကဲဖြတ်တတ်စေရန် စာကြည့်တိုက် အသုံးပြုနည်းနှင့် သတင်းအချက်အလက် မှန်ကန်မှု စစ်ဆေးနည်းများကို လည်း ပို့ချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ခရိုင်(ပြန်/ဆက်)



ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

တမူး နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကဘော်ခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ပူးပေါင်း၍ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

(အပေါ်ပုံ)

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် ခရိုင်ပညာရေးမှူး ဦးချစ်ငွေတို့က အမှာစကားပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်သိန်းစိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမှတ်(၁) တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးမည့် ကျောင်းသား၊ ကျောင်းသူများနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့သစ်မြို့ရုံး ဒုတိယဦးစီးမှူး ဒေါ်စန္ဒာထွန်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း Grade-10(A) မှ မမြင့်မြတ်စိုးက လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်ကောင်းခန့်ဝင်းက လူငယ်နှင့် စာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11(A)မှ မသဲအိအိညိမ်းက လူငယ်နှင့်အနာဂတ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်မြတ်ဟိန်းခန့်က လူငယ်နှင့် သိပ္ပံနည်းပညာခေါင်းစဉ်ဖြင့်လည်းကောင်း၊ မသင်းသင်းမြတ်က လူငယ်နှင့် နိုင်ငံတကာဆက်ဆံရေးခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ ဆွေးနွေးသူများက မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက "ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ" စာကြည့်တိုက်လှုပ်ရှားမှု အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသော အမှတ်(၁)တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပိုးစပါး(ဧရာမင်း)စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ကလေး နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့တွင် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါး(ဧရာမင်း) စိုက်ခင်း(၆ ဒသမ ၆) ပေ စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက နန်းဇလူကျေးရွာ၊ ကွင်းအမှတ်(၇၉၈)၊ ဦးပိုင်အမှတ်(၇၈)၊ တောင်သူ ဦးခင်မောင်၏ မိုးစပါးစိုက်ခင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကလေးခရိုင် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဝန်ထမ်းများက တောင်သူ ဦးခင်မောင်၏ မိုးစပါးစိုက်ခင်းတွင် စိုက်ပျိုးထားသော မိုးစပါး(ဧရာမင်း)စိုက်ခင်း ၆ ဧကမ ၆ပေ စံကွက်(၃) ကွက်ရိတ်သိမ်းခဲ့ရာ ပျမ်းမျှနှံဆီထူးအထွက် ၁၀ ဒသမ ၇၅ ဘူး၊ အစိုအထွက်တင်း ၈၄ တင်း၊ Y-method အရ တစ်ဧက ကောက်ကွက် ၉၀၀၀၀၊ ပင်မှုး ၁၀ပင်၊ တစ်နှံပါအောင်စေ့ ၉၆၊ အောင်စေ့ ၈၀ ရာခိုင်နှုန်း၊ အစေ့ ၁၀၀၀ အလေးချိန် ၂၄ ဂရမ်ဖြင့် အခြောက်အထွက် တင်းပေါင်း ၇၉ တင်း ထွက်ရှိသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထက်နှင့်အဖွဲ့ဝင်များ၊ ကလေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးမွေးမြူရေးကြေးကြေပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





နည်းပညာဖြင့် အသုံးပြုစမ်းသပ်စိုက်ပျိုးသည့် နှမ်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်း

တပ်ကုန်း နိုဝင်ဘာ ၂၃

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ၂၀၂၆-၂၀၂၇ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် Nano Radiation (နာနို)နည်းပညာဖြင့် အသုံးပြုစမ်းသပ် စိုက်ပျိုးသည့် နှမ်းစိုက်ခင်းအောင်မြင်ဖြစ်ထွန်းကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ဒီNano Radiation (နာနို) နည်းပညာဖြင့် အသုံးပြုစမ်းသပ်စိုက်ပျိုးသည့် နှမ်းစိုက်ခင်းက ကျောက်စရစ်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၃၆၃)မှာ ၃ ဒသမ ၅၀ ဧက စမ်းသပ်စိုက်ပျိုးထားပါတယ်။ ဩဂုတ်လနဲ့ စက်တင်ဘာလ ပထမပတ်အထိ ထယ်ရေး၊ ထွန်ရေးပြင်ဆင်ဆောင်ရွက်ပါတယ်။ စက်တင်ဘာ ၁၉ ရက်မှာ တောင်သူများ စတင်စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးစနစ်ကတော့ တန်းစနစ်နဲ့ စိုက်ပျိုးထားပြီး တန်းကြား၊ ပင်ကြားမှာ ၁၅ လက်မ၊ လေးလက်မဖြစ်ပါတယ်။ တန်းစနစ် စိုက်ပျိုးထားတော့ ပေါင်းမြက်သင်ရတာလည်း ပိုလွယ်ကူပြီး အလုပ်သမားခသက်သာတယ်။ သွင်းအားစုကတော့ သဘာဝနွားချေးမြေဆွေးကိုပဲ အဓိကအသုံးပြုကြပါတယ်။ အပင်ရှင်သန်ကြီးထွားရေးကိုတော့ အပင်ငယ်ချိန်မှာ နွားရှဉ်းနဲ့ သံထွန်တိုက်ရပါတယ်။ ပေါင်းမြက်ရှင်းလင်းပေးပါတယ်။ ဆောင်းသီးနှံအဖြစ် တပ်ကုန်းမြို့နယ်မှာ Nano Radiation (နာနို) နည်းပညာဖြင့် အသုံးပြုစမ်းသပ်စိုက်ပျိုးသည့် နှမ်းစိုက်ခင်းပေါင်း ၂၂ ဧက စိုက်ပျိုးထားပါတယ်'လို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းတာဝန်ခံတစ်ဦးက ပြောသည်။

ဆောင်းနှမ်းသီးနှံစိုက်ပျိုးရာတွင် ဒေသတွင်းစားသုံးဆီဖူလုံစေရေး၊ တစ်ဧကအထွက်နှုန်းကောင်းမွန်ရေး၊ ဈေးကွက်ခိုင်မာသော မျိုးကောင်းမျိုးသန့် နှမ်းမျိုးများကို ရွေးချယ်စိုက်ပျိုးကြရေး၊ သွင်းအားစုနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲရေး၊ နှမ်းသီးနှံများအောင်မြင်ဖြစ်ထွန်းရေး၊ ရိတ်သိမ်းရာတွင် လေလွင့်ဆုံးရှုံးမှုမဖြစ်ရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
မြို့နယ်(ပြန်/ဆက်)
၀-၀-၀-၀-၀-၀-၀

ဘဏ္ဍာနှစ် ခုနှစ်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကဏ္ဍသုံးခုသို့သာ အသစ်ဝင်ရောက်၊ ဒေါ်လာ ၄၈၂ သန်းကျော်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၃

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဧပြီလမှ အောက်တိုဘာလအထိ ခုနှစ်လတာကာလအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍသုံးခုသို့သာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အသစ်ဝင်ရောက်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)၏ အချက်အလက်များအရ သိရသည်။

အဆိုပါ ခုနှစ်လတာကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၇ ခု ဝင်ရောက်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းများ အပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၈၂ ဒသမ ၂၇၂ သန်းရှိသည်။

ကဏ္ဍအလိုက်ကြည့်လျှင် ကုန်ထုတ်လုပ်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ အိမ်ခြံမြေ ကဏ္ဍတို့တွင်သာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်ခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဝန်ဆောင်မှု ကဏ္ဍတို့တွင်မူ ခွင့်ပြုထားပြီး လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏ တိုးမြှင့်ခြင်းများသာရှိခဲ့သည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံတွင် စီးပွားရေးကဏ္ဍ ၁၂ ခုရှိသည့်အနက် လက်ရှိ ဘဏ္ဍာနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု အသစ်ဝင်ရောက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်းများရှိခဲ့သည့် ကဏ္ဍ ငါးခုသာရှိသည်။ လယ်ယာ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ တွင်းထွက်၊ စွမ်းအင်၊ ဆောက်လုပ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတို့တွင်မူ ရင်းနှီးမြှုပ်နှံမှုမရှိခဲ့ချေ။

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက လက်ရှိဘဏ္ဍာနှစ် ခုနှစ်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၂၈ သန်းကျော် မြင့်တက်လာခဲ့ကြောင်း သိရသည်။**(မန္တလေးနေ့စဉ်-၆)**



စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

ကျောက်ဆည် နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီက ကုလားကျောင်းကျေးရွာအုပ်စု မြို့ရှောင်လမ်းဆုံမှ ကေသီဦး စက်သုံးဆီအရောင်းဆိုင်သို့ ကွင်းဆင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာ၌ စက်သုံးဆီအရောင်းဆိုင်များတွင် ထားရှိသော အပေါ့စားရေစုပ်စက်၊ ရေပက်ပိုက်လိပ်၊ ရေပိုက်ခေါင်းများနှင့် တပ်ဆင်ထားသော မီးသတ်ပစ္စည်းကိရိယာများ ကောင်းမွန်မှုရှိ၊ မရှိစစ်ဆေးခြင်းနှင့် ဆီသိုလှောင်ကန်များအား စစ်ဆေးခြင်း၊ ဝန်ထမ်းများအား မီးသတ်ဆေးဘူးသုံးစွဲနည်း၊ မီးလန့်မှုများဖြစ်ပွားပါက ဆက်သွယ်ရမည့် အရေးပေါ်ဖုန်းနံပါတ်များကို ဆက်သွယ်စေခြင်းနှင့်မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
ထက်ထက်(ကျောက်ဆည်)
၀-၀-၀-၀-၀-၀-၀



တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆင်ပေါင်ဝဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးကျော်ငြိမ်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှတာဝန်ရှိသူများက တိရစ္ဆာန်အကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ စာရင်းဇယား ဖြည့်သွင်းမှု နည်းစနစ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။



အဆိုပါ ဆင့်ပွားသင်တန်းသို့ မြို့နယ်အဆင့် တိရစ္ဆာန်ကောက်ယူရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရင်းကောက်ယူရေး အဖွဲ့ဝင် စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
ခန့်ဝင်း(ဆင်ပေါင်ဝဲ)

ဆီထွက်သီးနှံမျိုးစုံ ၂၇၃၅၆ ဧက စိုက်ပျိုးပြီးစီး

ကျွန်းလှ နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမျိုးစုံ ၂၇၃၅၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၆၆၅ ဧက၊ နှမ်းဧက ၁၃၂၃၀၊ နေကြာဧက ၉၆၀၊ ပန်းနှမ်း ၅၃၄၂ ဧက၊ မုန်ညင်းစေ့ ၄၅၅ ဧက၊ စုစုပေါင်း ၃၃၆၅၂ ဧက စိုက်ပျိုးရန်လျာထားသည်။

* ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးဖို့ ၃၃၆၅၂ ဧကလျာထားတဲ့အနက် လက်ရှိအချိန်အထိ ၂၇၃၅၆ ဧက၊ ၈၁ ဒသမ ၃၀ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးကြတဲ့ တောင်သူတွေကို အောင်မြင်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြပွဲများ ပြုလုပ်ခြင်းစတဲ့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိပါတယ်'ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၁၁၅၄၉ ဧက၊ နှမ်း ၁၄၀၃၉ ဧက၊ ပန်းနှမ်း ၁၄၅၃ ဧက၊ မုန်ညင်းစေ့ ၃၁၅ ဧက စုစုပေါင်း ၂၇၃၅၆ ဧကဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

(အောက်ပုံ)
(၄၈၀)



ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ၊

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅/N)၊ ဦးပိုင်အမှတ်(၁၃၈)၊ တောင်မြောက်(၁၂၀)၊ အရှေ့အနောက်(၈၀)ပေ အကျယ်အဝန်းရှိမြေကွက်၏ တောင်ခြမ်းရှိ(၁၅×၄၀)ပေ မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်သူထွေး(ဘ)ဦးစိုးမင်း(၉/စကန(နိုင်)၁၃၉၂၄၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်လှ(ဘ)ဦးကင်းမွေမှ ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သွယ်သွယ်လှိုင် (စဉ်/၉၄၃၆)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၂၅-က)၊ ၃၅(ဘီ)လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့။ ဖုန်း ၀၉-၄၃၀၁၂၀၄၄၊ ၀၉-၆၆၉၉၇၄၇၀၆

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လွင်အိဖြိုး(ဘ)ဦးချစ်ဆွေ(၉/တတဥ(နိုင်)၀၈၂၅၅၅)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လွင်အိဖြိုးသည်(ဦးစီးအရာရှိ) မြို့ပြအင်ဂျင်နီယာတစ်ဦးဖြစ်ပြီး အင်ဂျင်နီယာအသိုင်းအဝိုင်းတွင်း ကောင်းမွန်သောဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေသူတစ်ဦးဖြစ်ပါသည်။ ယခုအခါ ဒေါ်လွင်အိဖြိုး၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ချီခြင်း၊ ဆက်သွယ်ရေးကွန်ယက်တစ်ခုခုအား အသုံးပြု၍ လူမှုကွန်ယက်စာမျက်နှာများတွင် ပြောဆိုရေးသား အသရေဖျက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေသည့် ပြောဆိုပြုမှုမှုများ ပြုလုပ်ခြင်းကို ကြားသိတွေ့ရှိနေရပါသဖြင့် အစရှိသည်တို့ကို ပြုလုပ်သည့် မည်သူ့ကိုမဆို သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ ဆက်သွယ်ရေးဥပဒေများဖြင့် ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လွင်အိဖြိုး(၉/တတဥ(နိုင်)၀၈၂၅၅၅)၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချောရူပါအောင်နှင်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၁၅)
တိုက်အမှတ်(B-2/202)၊ အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာ၊ မဲကင်းကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး။ ဖုန်းနံပါတ် ၀၉-၄၂၃၆၈၃၂၀၃

အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၄-၁၀)၊ ဦးပိုင်အမှတ်(၈+၁၃)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဦးမြဦး(ဘ) ဦးဘသန်း(AE -073582)အမည်ပေါက်ပိုင်ဆိုင်သော ဂရန်မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေက လူကြီးမင်း ဦးမြဦးထံမှ ငွေအပြေအကြေပေးချေ၍ ဝယ်ယူခဲ့ရာ လူကြီးမင်းမှလည်း ငွေအပြေအကြေလက်ခံရယူ ရောင်းချခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆိုစဉ်က ပိုင်ထိုက်ပိုင်ခွင့်ကို ပိုမိုထင်ရှားစေရန်အတွက် ဌာနဆိုင်ရာများသို့ ကျွန်ုပ်မိတ်ဆွေ၏ ကုန်ကျစရိတ်ဖြင့် လိုက်လံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လူကြီးမင်းမှ ဝန်ခံကတိပြုခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေက ယင်းမြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုလိုပါသဖြင့် ဤကြေညာပါသည့် ရက်မှ (၁၅)ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေစန်းအောင် (အထက်တန်းရှေ့နေ)
ဖုန်း ၀၉-၄၂၀၇၆၁၉၁၅
ကြေးသွန်း/တောင်၊ တမ္မဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

မြေပုံ/မြေရာဇဝင်ရေးကူးခွင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့် အကြောင်းအရာ
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	
၁။	ဦးအသားဟ(၉/မကန(နိုင်)၀၂၀၇၂၂)	၆၂လမ်း၊ ၁၉လမ်းနှင့်လမ်း၂၀ကြား (အနိုပ်တော်)	ဒေါ်အာချိုက်(ခ)မခိုင်	အောင်မြေသာစံ	၄	၉၉	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၂။	ဒေါ်တင်လှ(၉/မနမ(နိုင်)၀၈၀၄၀၆)	၆၂လမ်းနှင့် ၆၄လမ်းကြား၊၁၀၇လမ်းနှင့် ၁၀၈လမ်းကြား (မြို့သစ်-၃)	ဦးမြင့်သိန်း	ချမ်းမြသာစည်	၄-၂	၁၄၆	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၃။	ဒေါ်ခင်ကြူ(၉/အမရ(နိုင်)၀၀၄၆၄၃)	၄၉လမ်းနှင့် လမ်း၅၀ကြား၊၁၀၇လမ်းနှင့် ၁၀၈လမ်းကြား (ထွန်တုံး)	ဦးဇေယျ	ချမ်းမြသာစည်	ဇဇ-၁၁	၈၂	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၄။	ဒေါ်စန္ဒာအောင်(၉/မနမ(နိုင်)၀၀၀၈၂၁)၊ ဦးရဲဝင်းအောင်(၉/မနမ(နိုင်)၀၀၃၃၈၅) ဦးမိုးဆန်း(၉/မနမ(နိုင်)၁၁၆၇၂၇)	၁၉လမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းကြား (အောင်မြေသာစံ)	ဦးစိုးသန်း ပါ-၂	အောင်မြေသာစံ	၁၃၁	၃၅	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၅။	ဒေါ်စန္ဒာအောင်(၉/မနမ(နိုင်)၀၀၀၈၂၁)၊ ဦးရဲဝင်းအောင်(၉/မနမ(နိုင်)၀၀၃၃၈၅) ဦးမိုးဆန်း(၉/မနမ(နိုင်)၁၁၆၇၂၇)	၁၉လမ်း၊ ၈၈လမ်းနှင့် ၈၉လမ်းကြား (အောင်မြေသာစံ)	ဦးစိုးသန်း	အောင်မြေသာစံ	၁၃၁	၃၃	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၆။	ဒေါ်မြိုင်(၉/မရမ(နိုင်)၀၁၆၃၄၉)	၄၁လမ်းမျက်နှာပြု၊ ၈၆လမ်းနှင့် သင်္ဂဇာပတ်လမ်းကြား (အေးဝန်းအရှေ့)	ဦးထွာအင်ဟိုး(ခ)ဦးထူး ပါ-၂	မဟာအောင်မြေ	၂၈၁	၂-ဆ	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၇။	ဒေါ်ရန်ရှောင်ဟွား(ခ)မကြူ(၉/မဟမ(နိုင်)၀၀၂၀၃၃)၊ ဒေါ်ရန်မေဖင်(၁၃/လရန(နိုင်)၀၆၀၀၈၅)၊ ဒေါ်ရန်မေလီး(၁၃/လရန(နိုင်)၁၀၃၆၁၄) ဦးရန်ရှမ်းချိုက်(၁၃/လရန(နိုင်)၀၅၉၉၅၃)	၃၅(B)လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား (မဟာနွယ်စဉ်)	ဦးစိုင်းကျော်ထွေး	မဟာအောင်မြေ	၄၁၃-က	၁၂-၁/၃၇	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၈။	ဒေါ်ဝင်းယုဆွေ(၉/မဟမ(နိုင်)၀၇၅၉၃၆)၊ ဦးနန္ဒဇော်ဝင်း(၉/မဟရ(နိုင်)၁၇၃၅၆၅)	၆၆လမ်း၊၃၆(A)လမ်းကြား (မဟာမြိုင်-၁)	ဒေါ်မြဲမှု	မဟာအောင်မြေ	ဥယျာဉ်တန်း-က	၁၃-ခ	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၉။	ဒေါ်နှင်းရီ(၁၃/သပန(နိုင်)၀၃၇၂၃၃)	၄၃လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြား (ချမ်းမြသာစည်မြောက်)	ဦးထွန်းသစ်	မဟာအောင်မြေ	၈၄၂	၃၃	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၁၀။	ဒေါ်နရီ(၉/မနတ(နိုင်)၀၅၇၆၄၇)၊ ဦးမောင်မြင့်(၉/မနတ(နိုင်)၀၅၇၆၄၈) ဦးမောင်မောင်ကြီး(၉/မနတ(နိုင်)၀၅၇၆၉၆)၊ ဦးမောင်မောင်လေး(၉/မနတ(နိုင်)၀၅၅၄၂၆) ဦးမောင်မောင်အေး(၉/မနတ(နိုင်)၀၅၅၃၇၅)၊ ဒေါ်ခင်စန်းရီ(၉/မနတ(နိုင်)၀၅၅၃၉၃) ဒေါ်မြင့်မြင့်ရီ(၉/မနတ(နိုင်)၀၅၅၄၂၄)၊ ဦးဝင်းမြင့်(၉/မနတ(နိုင်)၀၅၅၄၂၉) ဒေါ်ကေသွယ်အောင်(၉/မဟမ(နိုင်)၀၁၅၃၈၁)၊ ဒေါ်ဆုသဋ္ဌာအောင်(၉/မဟမ(နိုင်)၀၃၆၉၄၁) ဒေါ်အေးသီရီအောင်(၉/မဟမ(နိုင်)၀၂၅၃၆၁)၊ ဒေါ်စီစီအောင်(၉/မဟမ(နိုင်)၀၂၅၃၇၃) ဦးထွေးအောင်(၉/မနတ(နိုင်)၀၉၈၅၅၀)၊ ဦးဇော်ဝင်း(၉/မနတ(နိုင်)၀၉၈၆၄၁) ဒေါ်တင်တင်ဦး(၉/မနတ(နိုင်)၀၆၄၀၂၂)၊ ဒေါ်စန်းစန်းမြင့်(၉/မနတ(နိုင်)၀၉၈၅၈၂) ဒေါ်စန်းစန်းတင့်(၉/မဟမ(နိုင်)၀၀၅၅၀၇)၊ ဦးမောင်သိန်း(၉/မဟမ(နိုင်)၀၀၅၅၀၈) ဒေါ်အေးပြုံး(၉/မဟမ(နိုင်)၀၀၅၅၀၉)၊ ဒေါ်မျိုးမျိုးအေး(၉/မဟမ(နိုင်)၀၁၉၇၆၂) ဒေါ်စိုး(၉/မဟမ(နိုင်)၀၂၅၈၇၃)	၃၈လမ်းမျက်နှာပြု၊ ပါဆိုကျောင်းလမ်းနှင့် မြို့ပတ်ကမ်းနားလမ်းကြား (စိန်ပန်း)	ဦးဝ	မဟာအောင်မြေ	၃၄၈	၂-ခ	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၁၁။	ဒေါ်ရင်ရင်(၁၃/တယန(နိုင်)၀၃၉၂၂၂)	လမ်း၆၀နှင့် ၆၁လမ်းကြား၊ ၁၀၁လမ်းနှင့် ၁၀၂လမ်းကြား (မြို့သစ်-၁)	ဦးမောင်မောင်(ခ)မောင်မောင်ကြီး	ချမ်းမြသာစည်	မ-၆	၁၃-က	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၁၂။	ဒေါ်မြင့်စိန်(၉/မနတ(နိုင်)၀၇၄၅၄၈)	၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား (ဇ)	ဦးကျောက်ဒိုး	ပြည်ကြီးတံခွန်	နန-၁၈	၃၉	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၁၃။	ဒေါ်ကြည်ကြည်အေး(၉/မနမ(နိုင်)၀၃၂၉၇၆)	၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၄၀လမ်းနှင့် ၁၄၁လမ်းကြား (ည)	ဦးကြည်မောင်	ပြည်ကြီးတံခွန်	လလ-၁၄	၁၁	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၁၄။	ဒေါ်ခင်စန်းရီ(၉/မရတ(နိုင်)၁၁၈၂၁၅)၊ ဒေါ်ခင်ချစ်ဝင်း(၉/မရတ(နိုင်)၁၁၈၂၁၄) ဒေါ်ခင်ပြိုးဇင်(၉/ခမစ(နိုင်)၀၃၈၃၄၀)	၅၈လမ်းနှင့် ၅၉လမ်းကြား၊ ၁၂၉လမ်းနှင့် ၁၃၀လမ်းကြား (ဆ)	ဦးခင်မောင်ညွှန့်	ပြည်ကြီးတံခွန်	ဒဒ-၄၇	၁၅	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၁၅။	ဒေါ်ခင်မြမြ(၉/အမရ(နိုင်)၀၃၂၂၀၉)၊ ဦးဇော်လွင်ဦး(၉/အမရ(နိုင်)၀၃၂၂၁၂) ဦးနေမျိုးဇော်(၉/အမရ(နိုင်)၀၃၂၂၁၀)၊ ဒေါ်မီမီစိုးမြင့်(၉/အမရ(နိုင်)၀၉၇၇၄၃)	ရန်-မန်းလမ်းအနောက်တက်(တောင်မြင့်)	ဦးစိုးမြင့်	ပြည်ကြီးတံခွန်	၅၉၀	၃၁၇	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်

မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) မှ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ ဆုံးဖြတ်ချက်များအပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာချက်

၁။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)သည် ၁၉၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှု ကာလများမှစတင်၍ အမျိုးသားရေးစိတ်ဓာတ်အခြေခံ၊ ဘာသာသာသနာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရာတွင် ရှေ့တန်းမှ ဦးဆောင်ပါဝင်ခဲ့သည့် သမိုင်းနောက်ခံအစဉ်အလာကြီးမားခဲ့သော အမျိုးသားရေးအဖွဲ့အစည်းကြီးဖြစ်ပါသည်။ ယခုအခါတွင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၁၉)ရက်နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကာကွယ်မှုအတွက် ရှေးရှုပြီး (YMBA) ဗဟို၏လမ်းညွှန်ချက်ခံယူလျက် မန္တလေးတိုင်းဒေသကြီးဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က အောက်ပါအတိုင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်-

(က) ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးကိစ္စသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန်ရည်ရွယ်ပြီး ဆောင်ရွက်လာခြင်းအပေါ် (လုံးဝ) လက်မခံပါကြောင်း။

(ခ) ပြည်ပအဖွဲ့အစည်းအချို့နှင့် မီဒီယာများ၏ နိုင်ငံရေးအရ သွေးထိုးလှုံ့ဆော်မူများအပေါ် ဂမ်ဘီယာနိုင်ငံအား ကြားခံတရားလိုအဖြစ်အသုံးချပြီး မြန်မာနိုင်ငံအား ကမ္ဘာ့အလယ်တွင် ပုံရိပ်ထိခိုက်လာစေရေး ဖန်တီးပုံဖော်ခြင်းသာဖြစ်၍ (လုံးဝ)လက်မခံပါကြောင်း။

(ဂ) ICJ သည် နိုင်ငံတကာဥပဒေဆိုင်ရာ စံနှုန်းများနှင့်အညီ ပကတိအရှိတရားနှင့် သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများကို ဓမ္မဓိဋ္ဌာန်ကျကျစိစစ်သုံးသပ်ရမည့်အစား မြန်မာနိုင်ငံ၏ တရားဝင် တိုင်းရင်းသားလူမျိုးစုစာရင်းတွင်မပါဝင်ဘဲ လုပ်ကြံဖန်တီးထားသည့်လူမျိုးအမည်နာမတစ်ရပ်ကို အသိအမှတ်ပြုသုံးနှုန်း၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းသည် တရားစီရင်ရေးဆိုင်ရာ ဘက်မလိုက်မှုနှင့် တိကျမှန်ကန်မှုတို့ကို မျက်ကွယ်ပြုရာရောက်ရှိနေခြင်းကြောင့် (လုံးဝ)လက်မခံပါကြောင်း။

(ဃ) ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့များက မိမိလုံခြုံရေးတပ်စခန်းများအား အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်မှုများနှင့် ဒေသခံတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များအပေါ် ရက်စက်စွာသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်အမှန်များကို ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ICJ တွင် ချေပတင်ပြခဲ့သော်လည်း တရားရုံးကလျစ်လျူရှုခဲ့ခြင်းသည် တရားမျှတမှုကင်းမဲ့သော လုပ်ရပ်ဖြစ်နေခြင်းကြောင့် (လုံးဝ)လက်မခံပါကြောင်း။

(င) မြန်မာနိုင်ငံအနေဖြင့် နေရာစွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံနိုင်ရေးအတွက် တစ်ဖက်နိုင်ငံနှင့် သဘောတူညီချက်ရရှိရေး အစဉ်တစိုက်ကြိုးပမ်းညှိနှိုင်းဆောင်ရွက်မှုများရှိနေသော်လည်း မိမိနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် IIMM နှင့် FFM ကဲ့သို့သော အဖွဲ့အစည်းများ၏ တစ်ဖက်သတ် စွပ်စွဲပြုစုထားသော အချက်အလက်များကိုသာ ကိုးကား၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းသည် ပကတိအခြေအနေမှန်နှင့် ကင်းကွာနေသည့် ဆုံးဖြတ်ချက်များဖြစ်ခြင်းကြောင့် (လုံးဝ)လက်မခံပါကြောင်း။

၂။ သို့ဖြစ်ပါ၍ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)အနေဖြင့် နိုင်ငံတကာဥပဒေဆိုင်ရာ တရားမျှတမှုစံနှုန်းများကို အခြေခံခြင်းမရှိဘဲ တစ်ဖက်သတ်နိုင်ငံရေးပယောဂများလွှမ်းမိုးနေသည့် ဘက်လိုက်သောဆုံးဖြတ်ချက်များအား မန္တလေးတိုင်းဒေသကြီးဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)အနေဖြင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)

ဆိုင်အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားနေ ဦးသီဟအောင်(ဘ)ဦးဗိုလ်ဝမ်း(၉/စကန(နိုင်)၀၈၈၈၉၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ်(၁၇၂၀/၂၀၂၆)

ကျွန်ုပ်၏မိတ်ဆွေမှ "TH" ACCESSORIES & FASHION HOUSE * SINCE - 2018 * ဆိုင်အမည်အမှတ်တံဆိပ်ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်မြွက်ဟကြေညာစာတမ်းစာချုပ်အမှတ်(၁၇၂၀/၂၀၂၆)ဖြင့် ဥပဒေနှင့်အညီ တရားဝင် မှတ်ပုံတင် တင်သွင်းကြေညာခဲ့ပြီး ၂၀၁၈ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်၍ ယနေ့အချိန်ထိ စဉ်ဆက်မပြတ် ရောင်းချလျက်ရှိသော FASHION ဆိုင်ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေက အဓိကဆိုင်အမည်အမှတ်တံဆိပ် "TH" အမည်ဖြင့် ခေတ်မီဆန်းသစ်သော ဒီဇိုင်းအမျိုးမျိုးဖြင့် အမျိုးသား၊ အမျိုးသမီးအဝတ်အထည်၊ အသုံးအဆောင်၊ ပစ္စည်းအမျိုးမျိုးတို့ကို လွန်ခဲ့သော(၂၀၁၈)ခုနှစ်ကတည်းက ကောင်းသော ဂုဏ်သတင်းဖြင့် လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိရာ အထူးအားပေးခြင်းခံရသော ဆိုင်တစ်ဆိုင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်မှတ်ပုံတင်သွင်းထားသော အထက်ဖော်ပြပါ အဓိကဆိုင်အမည်အမှတ်တံဆိပ် "TH" ဆိုင်အမှတ်တံဆိပ်နှင့်ပတ်သက်၍ "အဝတ်အထည်အမျိုးမျိုး၊ ခါးပတ်၊ ဦးထုပ်၊ ဖိနပ်နှင့် အိတ်အမျိုးမျိုးနှင့်ပတ်သက်၍ ဆိုင်အမည်အမှတ်တံဆိပ်အား တုပကာ အသုံးပြုလျက်ရှိကြောင်း Facebook, Tiktok, Viber, Telegram တွင် အဝတ်အထည်နှင့်ပတ်သက်၍ ရောင်းချနေသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ "TH" ACCESSORIES & FASHION HOUSE * SINCE - 2018 * အဓိကဆိုင်အမည် အမှတ်တံဆိပ်နှင့်ပတ်သက်၍ အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်လက်၍သုံးစွဲခြင်းမှ ရပ်တန့်ပေးပါရန်နှင့် အခြားနည်းလမ်းတစ်စုံတစ်ရာဖြင့် အကျိုးစီးပွားကိုနစ်နာအောင် ဆက်လက်၍ ဆင်တူယိုးမှားတုပသုံးစွဲပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဇင်မာစိုး (LL.B) စဉ်-၂၀၂၆၇

ဒေါ်သူစာကျော် (LL.B) စဉ်-၂၀၂၆၈

တရားလွှတ်တော်ရှေ့နေများ

ဖုန်း ၀၉-၇၉၇၆၁၆၈၇၃၊ ၀၉-၂၅၉၀၄၈၃၁၀

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(တတ-၂၈)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ဦးဇော်ဝင်း(ခ)လှကျော်(ဘ) ဦးစစ်ပု(၁၂/လမန(နိုင်)၀၁၈၄၃၀)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းဂရန်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နွေးနွေးအိ(ဘ)ဦးအောင်သန်း(၁/မကတ(နိုင်)၀၈၁၈၂၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးသန်းရွှေ	ဦးအောင်ဖြိုးမောင်	ဒေါ်နန်းဖြူဖြူအေး
(B.A(Hist), H.G.P)	(LL.B)	(B.Sc.PGDL)
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

၅၃လမ်းနှင့် ၁၁၀(A)လမ်းထောင့်၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃

ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၄၂)၊ ဦးပိုင်အမှတ်(၁-၎)၊ ၇၇လမ်းနှင့် ၃၅လမ်းထောင့်ရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးသိန်းမောင်(ခ)ကျန်ဖန်ဂမ်၊ ဒေါ်လီဟော့ကြည်(ခ)ရီဝင်းတို့ (၂)ဦးအနက် ဦးသိန်းမောင်(ခ)ကျန်ဖန်ဂမ်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၁၄၆/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သောဇနီးဖြစ်သူ LEE HAW KYE (ခ)ရီဝင်း(၁/မကန(ဧည့်)၀၀၀၇၁၅)က အမှုတွဲအမှတ်(၀၂၅၄/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၈၆)၊ ဦးပိုင်အမှတ်(၈-ခ)၊ ၈၄လမ်း၊ ၂၉လမ်းနှင့် လမ်း၃၀ကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော မောင်ဘိုအေး၊ (သမီး)အလှတို့ (၂)ဦးအနက် ဒေါ်လှလှထံမှ စွန့်လွှတ်စာချုပ်အမှတ်(၆၂၉/၁၉၉၆)ဖြင့် လက်ခံခဲ့သူ ဦးဘိုအေးထံမှ အမွေဆက်ခံစာချုပ်အမှတ်(၁၈၄၃/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်သိန်းရင်၊ ဒေါ်မာမာအေး၊ ဦးခင်မောင်အေး၊ ဒေါ်သန်းသန်းအေး၊ ဒေါ်မင်းမင်အေး၊ ဦးဇော်မင်းအေးတို့ထံမှ အမွေဆက်ခံစာချုပ်အမှတ်(၁၇၈၃/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်မာမာအေး၊ ဦးခင်မောင်အေး၊ ဒေါ်သန်းသန်းအေး၊ ဒေါ်မင်းမင်းအေး၊ ဦးဇော်မင်းအေးတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၇၇၁/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သော ဦးအောင်ဆန်းဝင်း(၉/စကန(နိုင်)၀၅၉၂၂၀)၊ ဒေါ်အေးမော်စီ(၉/စကန(နိုင်)၀၅၉၂၂၁)တို့က အမှုတွဲအမှတ်(၀၂၅၅/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော် ရှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

၂၀၂၆ခုနှစ် SSL Gold Cup ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ရွက်လှေအသင်း ခြေစစ်ပွဲအဆင့်နှစ်ဆင့်ကို အောင်မြင်စွာကျော်ဖြတ်ပြီး ၁/၁၆ ဖိုင်နယ်အဆင့်သို့ တက်ရောက်



ရန်ကုန် နိုဝင်ဘာ ၂၃ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၂၆ခုနှစ် Star Sailors League-SSL Gold Cup ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ရွက်လှေအသင်းက ခြေစစ်ပွဲအဆင့် နှစ်ဆင့်ကို အောင်မြင်စွာ ကျော်ဖြတ်ပြီး ၁/၁၆ ဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဒေသတွင်းနိုင်ငံများ၏ ယှဉ်ပြိုင်မှုရလဒ်များနှင့် နှိုင်းယှဉ်ကြည့်လျှင် ဤအောင်မြင်မှုသည် အရေးပါ ထင်ရှားကြောင်း၊ စင်ကာပူအသင်းပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် ယခုအဆင့်သို့ တက်ရောက်နိုင်သည့် အာဆီယံနိုင်ငံများမှာ မြန်မာ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့သာ ကျန်ရှိတော့သကဲ့သို့ အာရှနိုင်ငံများ အနေဖြင့်လည်း ထိုသုံးနိုင်ငံနှင့် ဂျပန်နိုင်ငံ စုစုပေါင်း လေးနိုင်ငံသာ ဤအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ SSL Class အမျိုးအစားရွက်လှေများနှင့် စတင် လှေကျင့်ခွင့်ရရှိခဲ့သည်မှာလည်း ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလမှသာ ဖြစ်သဖြင့် ယှဉ်ပြိုင်မှုပြင်းထန်သော ဤနိုင်ငံတကာ ရွက်လှေအမျိုးအစားတွင် အသင်း၏အတွေ့အကြုံမှာ တစ်နှစ်ခန့်သာ ရှိသေးကြောင်း၊ ၁၉၂၄ ခုနှစ်တွင် ရန်ကုန်ရွက်လှေအသင်းကို တည်ထောင်ခဲ့ရာမှ အစပြုသည့် ရွက်လှေအားကစားအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရင်း ၂၀၂၆ခုနှစ်တွင် နိုင်ငံတကာ SSL ပြိုင်ပွဲစင်မြင့်၌ အောင်မြင်စွာ ယှဉ်ပြိုင်နိုင်ခဲ့ခြင်းဖြင့် အားကစားသမိုင်းတွင် အရေးပါသော ရှေ့ခြေလှမ်းတစ်ရပ်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၀–၀–၀–၀–၀

မိုးတိမ်တောင်ပြစ်ပေါ်မှု အခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/၈လ**

ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၃ လုံးအား ယနေ့အထိ ၅ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့်အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၉ လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် (၅)ထပ်အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။